# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)


၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၅ ရက် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၉ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၅)၊ အမှတ်(၀၄၀)


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း အသိပေးကြေညာခြင်း

၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်

သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများက တာဝန်ယူဖွင့်လှစ်သည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ မကြာမီတွင် ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူများသည် ရွေးကောက်ပွဲစတင်ကျင်းပမည့် ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ကျောင်းတက်ရောက်နေကြရမည်ဖြစ်ပါသည်။ အဆိုပါ ကျောင်းသား၊ ကျောင်းသူများအနက် မိမိတို့မဲစာရင်းပါရှိသည့် မဲဆန္ဒနယ်ပြင်ပတွင်ရှိသော တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များတွင်တက်ရောက်ကြရမည့် ကျောင်းသား၊ ကျောင်းသူများလည်း ပါဝင်မည်ဖြစ်ပါသည်။ မဲဆန္ဒနယ်ပြင်ပရောက်ကျောင်းသား၊ ကျောင်းသူများအနက် ရွေးကောက်ပွဲစတင်ကျင်းပမည့် ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်ပါက မဲပေးခွင့်မဆုံးရှုံးစေရေးအတွက် သက်ဆိုင်ရာကျောင်းများသို့ မသွားရောက်မီ မိမိတို့၏ မဲစာရင်းပါရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးတွင် ၁၇-၁၁-၂၀၂၅ ရက်နေ့မှ ၂၁-၁၁-၂၀၂၅ ရက်နေ့အထိ နံနက် ၀၉၀၀ နာရီမှ ညနေ ၁၆၃၀ နာရီအတွင်း မိမိတို့ကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ထုတ်ပေးသည့် ကျောင်းသားစိစစ်ရေးကတ် သို့မဟုတ် ကျောင်းဝင်ခွင့်အထောက်အထားတို့ကို ပြသ၍ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# KK Park နယ်မြေအတွင်း နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်ပြီး အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၉၀ ရာခိုင်နှုန်းကျော်မှာ ထိုင်းနိုင်ငံကို တစ်ဆင့်ခံ၍ နယ်စပ်ဖြတ်ကျော်ရောက်ရှိလာသည့် ဖြစ်စဉ်များက အများစုဖြစ်

နေပြည်တော် နိုဝင်ဘာ ၈

မြန်မာနိုင်ငံအတွင်းသို့ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံ ဖြတ်သန်း၍ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ မဲ့ထော်သလေး KK Park နယ်မြေများတွင် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်ကာ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျလွှဲပြောင်း ပေးအပ်လျက်ရှိသည့်အပြင် ယင်းတို့ စုဖွဲ့နေထိုင်ခဲ့ကြသည့် KK Park အတွင်းရှိ အဆောက်အအုံများကို ဖျက်ဆီးရှင်းလင်းခြင်း လုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်သည်။

မြဝတီ – မဲ့ထော်သလေး (KK Park) နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်သည့် နေရာများတွင် တစ်ထပ် လူနေအဆောက်အအုံ

စာမျက်နှာ ၃ ကော်လံ ၁ ❑



KK Park နယ်မြေအတွင်းရှိ အဆောက်အအုံများ ဖြိုချဖျက်ဆီးနေမှုကို တွေ့ရစဉ်။

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်



**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

❑ *ရှေ့ဖုံးမှ*

တစ်လုံး၊ နှစ်ထပ် လူနေအဆောက်အအုံ ၈၀၊ သုံးထပ်လူနေအဆောက်အအုံ ရှစ်လုံး၊ လေးထပ် လူနေအဆောက်အအုံ ၂၇ လုံး၊ ကိုးထပ် လူနေ အဆောက်အအုံ တစ်လုံး၊ ဈေးဆိုင်နှင့် လူနေ နှစ်ထပ် အဆောက်အအုံလေးလုံး၊ ဈေးဆိုင်နှင့် လူနေလေးထပ်အဆောက်အအုံ နှစ်လုံး၊ စားသောက်ဆိုင်နှင့် လူနေ နှစ်ထပ်အဆောက်အအုံ တစ်လုံး၊ ဂိုဒေါင် ၁၂ လုံး၊ ခြောက်ထပ်ဟိုတယ် တစ်လုံး၊ GYM အားကစားခန်းမ တစ်ခု၊ နှစ်ထပ် KTV အဆောက်အအုံ တစ်လုံး၊ နှစ်ထပ် SPA အဆောက်အအုံ တစ်လုံး၊ လေးထပ်ဆေးရုံ အဆောက်အအုံ တစ်လုံး၊ နှစ်ထပ် Canteen အဆောက်အအုံ နှစ်လုံး၊ နှစ်ထပ် ဈေးဆိုင်အဆောက်အအုံ နှစ်လုံး၊ သုံးထပ် လူနေလိုင်းခန်း အဆောက်အအုံ သုံးလုံး စုစုပေါင်း အဆောက်အအုံ ၁၄၈ လုံး တည်ရှိခဲ့သည်။

### ဖြိုချဖျက်ဆီးလျက်ရှိ

ထို့ပြင် ပန်းခြံများ၊ အားကစားရုံများ၊ ဖူဆယ်ကွင်းများ၊ ပိုက်ကျော်ခြင်းကွင်းများ၊ ဘတ်စကက်ဘော ကွင်းများလည်း တည်ရှိပြီး ယခုအခါ ယင်းနယ်မြေအတွင်းရှိ အဆောက်အအုံများအားလုံးကို ဖြိုချဖျက်ဆီးလျက်ရှိရာ အဆောက်အအုံ ၁၀၁ လုံးကို ဖြိုချဖျက်ဆီးပြီး ကျန်ရှိသည့် ၄၇ လုံးကိုလည်း ဆက်လက်ဖြိုချ ဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ နယ်မြေအတွင်း နယ်စပ် လမ်းကြောင်းများမှ တစ်ဆင့် တရားမဝင် ဝင်ရောက်ပြီး အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၉၀ ရာခိုင်နှုန်းကျော်မှာ ထိုင်းနိုင်ငံကို

*စာမျက်နှာ ၄ သို့*



KK Park နယ်မြေအတွင်းရှိ အဆောက်အအုံများ ဖြိုချဖျက်ဆီးနေမှုကို တွေ့ရစဉ်။





KK Park နယ်မြေအတွင်းရှိ အဆောက်အအုံများ ဖြိုချဖျက်ဆီးနေမှုကို တွေ့ရစဉ်။





KK Park နယ်မြေအတွင်းရှိ အဆောက်အအုံများ ဖြိုချဖျက်ဆီးနေမှုကို တွေ့ရစဉ်။

*စာမျက်နှာ ၃ မှ*
တစ်ဆင့်ခံ၍ နယ်စပ်ဖြတ်ကျော်ရောက်ရှိလာသည့် ဖြစ်စဉ်များက အများစုဖြစ်ကြောင်း သိရသည်။

**နယ်မြေစစ်ဆေးရှင်းလင်း**

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြု လိမ်လည်မှု (Online Scam)နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို စုံစမ်းဖော်ထုတ် အရေးယူဆောင်ရွက်လျက်ရှိသည့်အပြင် ကရင်ပြည်နယ်တွင်သာမက ရှမ်းပြည်နယ် အရှေ့မြောက်ဘက်နှင့် အရှေ့ဘက်တို့တွင်လည်း နယ်မြေစစ်ဆေး ရှင်းလင်းမှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**စစ်ဆေးဖော်ထုတ်**

အဆိုပါမြဝတီ-မဲ့ထော်သလေး နယ်မြေမှ အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများအား စစ်ဆေးဖော်ထုတ်ထိန်းသိမ်းရေး လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၅ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် စုစုပေါင်း ပြည်ပနိုင်ငံသား ၁၀၇၆၂ ဦးကို စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ယင်းတို့အနက်မှ ၉၄၀၃ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးနိုင်ခဲ့ကြောင်း၊ ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၃၅၉ ဦးကိုလည်း သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း သိရသည်။

**အောင်ဂျိုး**

**ဓာတ်ပုံ-မင်းမင်း**

---

# ပြည်တွင်း/ပြည်ပအလုပ်အကိုင် ခန့်အပ်ပေးနိုင်ရေးလုပ်ငန်းကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၈**

စစ်မှုထမ်း တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေးအတွက် တာဝန်ထမ်းဆောင်ပြီးချိန်တွင် ၎င်းတို့ဆန္ဒပြုသော အလုပ်အကိုင်များကို သတ်မှတ်ချက်များနှင့်အညီ ခန့်ထားပေးနိုင်ရေးအတွက် ပြည်ပအလုပ်အကိုင် ခန့်အပ်ပေးနိုင်ရေး လုပ်ငန်းကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က အလုပ်သမားဝန်ကြီးဌာန ယာယီအစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ ပြည်ပအလုပ်အကိုင် ခန့်အပ်ပေးနိုင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အဆိုပါ အစည်းအဝေးတွင် ပြည်ပအလုပ်အကိုင် ခန့်အပ်ပေးနိုင်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက စစ်မှုထမ်းတာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ ပြည်ပနိုင်ငံများသို့ သွားရောက်လုပ်ကိုင်လိုပါက ၎င်းတို့ဆန္ဒပြုသည့် အလုပ်အကိုင်များရှာဖွေပေးခြင်း၊ အလုပ်အကိုင်လိုအပ်သည့် လုပ်သားစာရင်းနှင့် အလုပ်အကိုင်ဆိုင်ရာ အချက်အလက်များကို စာရင်းပြုစုခြင်းနှင့် စိစစ်ရွေးချယ်ခြင်း၊ ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရ အေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊ ဘာသာစကား၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ လမ်းညွှန်သင်တန်း၊ လုပ်ငန်းခွင်ကျွမ်းကျင် သင်တန်းများ သင်ကြားပို့ချပေးခြင်း၊ ပြည်ပနိုင်ငံများသို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ စေလွှတ်ခြင်းစသည့် လုပ်ငန်းတာဝန်များကို စီစဉ်ဆောင်ရွက်ပေးနိုင်ရေး လိုအပ်သည်များ လမ်းညွှန်မှာကြားပြီး လုပ်ငန်းကော်မတီအဖွဲ့ဝင်များက ဆောင်ရွက်ပေးမည့်လုပ်ငန်းစဉ်များကို ဝိုင်းဝန်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ပြည်တွင်းအလုပ်အကိုင် ခန့်အပ်ပေးနိုင်ရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက စစ်မှုထမ်းတာဝန် ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများကို ပြည်တွင်းအလုပ်အကိုင် ဆန္ဒပြုသူများအတွက် ပြည်တွင်းအလုပ်အကိုင်နေရာများတွင် ခန့်ထားနိုင်ရေး ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ခရိုင်/မြို့နယ် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် အလုပ်ရှင်များ ပေးပို့ထားသည့် အမှာစာပါ အလုပ်အမျိုးအစားများတွင် မိမိတို့နှင့်ကိုက်ညီသည့် အလုပ်အကိုင်များကို ရွေးချယ်စေကာ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းနှင့် ၎င်းတို့ဆန္ဒပြုသည့် လုပ်ငန်းနှင့် သက်ဆိုင်သည့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ တက်ရောက်နိုင်ရေးအတွက် သက်မွေးသင်တန်းကျောင်းများ ဖွင့်လှစ်ထားသော သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အစိုးရ၊ ပုဂ္ဂလိကသင်တန်းကျောင်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက်အစည်းအဝေးသို့ တက်ရောက်လာသည့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များက မိမိတို့ဌာနအလိုက် ဆောင်ရွက်ပေးနိုင်မည့် လုပ်ငန်းစဉ်များကို ဝိုင်းဝန်းဆွေးနွေးကြပြီး ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ဟုမ္မလင်းမြို့နယ်၌ သမဝါယမကဏ္ဍမှနိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့်ဆောင်ရွက်သည့် မိုးစပါးရိတ်သိမ်း

**ဟုမ္မလင်း နိုဝင်ဘာ ၈**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်အတွင်းရှိ သမဝါယမကဏ္ဍမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သော နားနုံးကျေးရွာ မျိုးဆက်သစ်မျိုးစေ့ထုတ်လုပ်ရေး သမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးအောင်စိုးလွင် စိုက်ပျိုးထားသည့် မိုးစပါးအထွက်တိုးမျိုး အောင်နိုင်တိုးလယ်မြေဧကအား ရိတ်သိမ်းခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်ခဲ့ရာ တစ်ဧကအစိုအထွက်တင်း၁၄၀၊ အခြောက် ၁၂၃ တင်း ထွက်ရှိသည်။



ဟုမ္မလင်းမြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် မျိုးဆက်သစ်မျိုးစေ့ထုတ်လုပ်ရေး သမဝါယမအသင်းမှ အသင်းသား ခြောက်ဦးအား လယ်မြေ ၃၃ ဧက၌ မိုးစပါးအထွက်တိုးမျိုးများဖြစ်သော GW-11နှင့် အောင်နိုင်တိုး စပါးမျိုးတို့ စိုက်ပျိုးရန်အတွက် စုစုပေါင်းငွေကျပ် ၈ ဒသမ ၂၅သန်းတန်ဖိုးရှိသော မျိုးစပါး၊ သွင်းအားစုနှင့် ပိုးသတ်ဆေး အစရှိသည့် စိုက်ပျိုးရေးသုံး ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

အဆိုပါ မိုးစပါးရိတ်သိမ်းခြင်းသို့ မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအယ်လ်ဘီးပိုင်နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဟုမ္မလင်း(ပြန်/ဆက်)**



ဘီးလင်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးတင်လင်းဦးနှင့်တပ်ဖွဲ့ဝင်များ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မိုးဦးနှင့်ပူးပေါင်းအဖွဲ့များ နိုဝင်ဘာ ၈ ရက်တွင် ဘိုးရာဇာရပ်ကွက် မင်္ဂလာဈေးအတွင်း မီးဘေးလုံခြုံရေး စစ်ဆေးခြင်းများ ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဘဲလ်လမ်ရာသီဥတုဆိုင်ရာ ထိပ်သီးအစည်းအဝေး ဒုတိယနေ့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၈**

ဘရာဇီးနိုင်ငံသမ္မတ လူးဝစ်အင်နာစီယို လူလာဒါဆေးလ်ဗား၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်(ကိုယ်စား) သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘရာဇီးနိုင်ငံ ဘဲလ်လမ်မြို့၌ နိုဝင်ဘာ ၆ ရက်မှ ၇ ရက်အထိ ကျင်းပသည့် ဘဲလ်လမ်ရာသီဥတုဆိုင်ရာ ထိပ်သီးအစည်းအဝေး (Belem Climate Summit) ဒုတိယနေ့ စုံညီအစည်းအဝေးနှင့် ဘာသာရပ်ဆိုင်ရာ စားပွဲဝိုင်းဆွေးနွေးပွဲများသို့ တက်ရောက်ခဲ့သည်။






စုံညီအစည်းအဝေးတွင် နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံအသီးသီးမှ နိုင်ငံခြားရေးဝန်ကြီးများနှင့် သစ်တောနှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီးများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ အကြီးအကဲများက နိုင်ငံကိုယ်စားပြု အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက မြန်မာနိုင်ငံသည် နိုင်ငံ့ဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းကျော်ကို သစ်တောများ ဖုံးလွှမ်းထားပြီး ဂေဟာစနစ်မျိုးစုံနှင့် ဇီဝမျိုးစုံမျိုးကွဲများ ကြွယ်ဝသောနိုင်ငံဖြစ်ကြောင်း၊ ရှည်လျားသော ကမ်းရိုးတန်းနှင့် ဒီရေတောများ ပိုင်ဆိုင်ပါကြောင်း၊ သို့သော်လည်း ရာသီဥတုပြောင်းလဲမှုဒဏ် အခံရဆုံးနိုင်ငံများတွင် ပါဝင်လျက်ရှိသဖြင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးဆိုင်ရာလုပ်ငန်းများကို အမျိုးသားရေး လုပ်ငန်းတစ်ရပ်အနေဖြင့် အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ "အမျိုးသားအဆင့် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးဆိုင်ရာ အကောင်အထည်ဖော် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ် (Nationally Determined Contributions–NDC)"ပါ ရည်မှန်းချက်များနှင့်အညီ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ရာသီဥတုဒဏ်ခံနိုင်သော စိုက်ပျိုးရေးလုပ်ငန်းများ၊ သစ်တောထိန်းသိမ်းရေးကို ဇဟိုပြုသည့် မဟာဗျူဟာများ ချမှတ်ကာ ဆောင်ရွက်လျက်ရှိကြောင်း။

ရာသီဥတုဆိုင်ရာ ရန်ပုံငွေ တိုးမြှင့်ရရှိရေး၊ နည်းပညာများ လွှဲပြောင်းရယူနိုင်ရေးနှင့် စွမ်းဆောင်ရည် မြှင့်တင်ရေးတို့သည် အထူးအရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဘဲလ်လမ် ရာသီဥတုဆိုင်ရာ ထိပ်သီးအစည်းအဝေး ကြေညာချက်ကို ထောက်ခံပါကြောင်း၊ အပူပိုင်းသစ်တောများ ထာဝရ ရန်ပုံငွေ (Tropical Forests Forever Facility– TFFF) တည်ထောင်ခြင်း၊ ဆင်းရဲနွမ်းပါးမှုနှင့် ပြည်သူဗဟိုပြု ရာသီဥတုဆိုင်ရာ လှုပ်ရှားမှုများနှင့် ဘက်စုံတောမီး စီမံအုပ်ချုပ်မှုဆိုင်ရာ လှုပ်ရှားမှုများတွင် ပူးပေါင်းပါဝင်မည်ကို အတည်ပြု အကြောင်းကြားပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ကာ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံတကာအသိုက်အဝန်းနှင့် နီးကပ်စွာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် "ရာသီဥတုနှင့် သဘာဝ၊ သစ်တောများနှင့် သမုဒ္ဒရာများ" ခေါင်းစဉ်ဖြင့် ဘာသာရပ်ဆိုင်ရာ စားပွဲဝိုင်းဆွေးနွေးပွဲသို့ တက်ရောက်၍ သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးပြောကြားသည်။

ကမ္ဘာ့ရာသီဥတု ထိပ်သီးအစည်းအဝေးသည် ရာသီဥတုပြောင်းလဲမှု လျှော့ချရေးအတွက် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံသော နည်းလမ်းများကို အဓိကထားသည့် ဦးဆောင်ဖိုရမ်တစ်ခုဖြစ်ပြီး ၂၀၁၀ ပြည့်နှစ်တွင် စတင်ကျင်းပခဲ့ကာ ကုလသမဂ္ဂ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ ကွန်ဗင်းရှင်း (UNFCCC) အဖွဲ့ဝင်နိုင်ငံများ ညီလာခံနှင့်အတူ ကျင်းပသော အရေးကြီးသည့် ထိပ်သီးအစည်းအဝေးတစ်ခုဖြစ်သည်။

အဆိုပါ အစည်းအဝေးတွင် အစိုးရ၊ စီးပွားရေးလုပ်ငန်းများ၊ အရပ်ဘက် လူ့အဖွဲ့အစည်းများ၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပညာရေးအဖွဲ့အစည်းများမှ ခေါင်းဆောင်များ တက်ရောက်ကြပြီး ပါရီရာသီဥတုဆိုင်ရာ သဘောတူညီချက် ရည်မှန်းချက်များ အောင်မြင်စေရန်နှင့် ကာဗွန်ထုတ်လွှတ်မှုနည်းပါးသော စီးပွားရေးသို့ ကူးပြောင်းရာတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ဝါးခယ်မမြို့နယ်၌ ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၈**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဒေသခံရပ်မိရပ်ဖများနှင့်အတူ ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကျုံမငေးမြို့ စက်ရုံဓမ္မရိပ်သာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည့် ပန်းပေါင်းစုံ ဘုရားအဆူ(၁၁၀၀) အနေကဇာတင်လှူပူဇော်ပွဲသို့ တက်ရောက်ကြည်ညိုသည်။

ဦးစွာ ကျုံမငေးမြို့ စက်ရုံဓမ္မရိပ်သာကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တသုမန အမှူးပြုသော ဆရာတော်ကြီးများက ကျုံမငေးမြို့ရှိ မြို့ပေါ်ရပ်ကွက်များ၊ အနီးပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူများ ကြည်ညိုပူဇော်နိုင်ရန် လှူဒါန်းမည့် ပန်းပေါင်းစုံ ဘုရားအဆူ(၁၁၀၀)ကို အနေကဇာတင်လှူပူဇော်ကြသည်။

ထို့နောက် စက်ရုံဓမ္မရိပ်သာကျောင်းတိုက် ဆရာတော်ကြီးနှင့် ဆရာတော် သံဃာတော်များ၊ သီလရှင်များ၊ ယောဂီများအား အရုဏ်ဆွမ်းဆက်ကပ် လှူဒါန်းကြပြီး စက်ရုံဓမ္မရိပ်သာကျောင်းတိုက်ဆရာတော်ကြီးအား သိက္ခာတော်ထပ် မင်္ဂလာအခမ်းအနားကျင်းပ၍ ကျောင်းတိုက်အတွင်းရှိ ဆရာတော်ကြီးများအား သိမ်ဆင်းလောင်းလှူပူဇော်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဆက်လက်၍ ဝါးခယ်မမြို့ ရွှေခယ်သီရိခန်းမ၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးတို့မှ ဝန်ထမ်းများစုပေါင်း၍ မဲစာရင်းမှန်ကန်ရေးအတွက် မြေပြင်လူဦးရေ တိုက်ဆိုင်စိစစ်ဆောင်ရွက်နေမှု၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝါးခယ်မမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပျက်စီး/ ပျောက်ဆုံးသွားသည့် ဒေသခံပြည်သူများနှင့် နိုင်ငံသားစိစစ်ရေးကတ် မရရှိသေးသည့် ပြည်သူများကို ပန်းခင်းစီမံချက်



အဆင့်(၃)ဖြင့် ဆောင်ရွက်ပေးနေမှု၊ နိုင်ငံသားကတ်ရရှိပြီးသူများကို e-ID စနစ်ဖြင့် Biographic/Biometric ကောက်ယူကာ Unique ID နံပါတ် ထုတ်ပေးနေမှုကို ကြည့်ရှုအားပေးကာ လုပ်ငန်းလိုအပ်ချက်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လုပ်ငန်းဆောင်ရွက်နေသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မဲဆန္ဒရှင်စာရင်းမှန်ကန်ရေး၊ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားကာ ဌာနအလိုက် တာဝန်ခံများကို အလှူရှင်များ လှူဒါန်းသည့် စားသောက်ဖွယ်ရာနှင့် ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများကို ဆိုလာမီးလုံးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မော်ဘီမြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့ရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် ပတ်တန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ တလိုင်းကုန်းကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်ကိုးပါးနှင့် ဒေသခံပြည်သူ ၁၄၁ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မော်ဘီတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး တလိုင်းကုန်းကျောင်းတိုက်ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရတနာဘူမိအနောက်ရပ်ကွက် မြတောင်ကျောင်းတိုက်ရှိ သံဃာတော် ၁၂၉ ပါးနှင့် ဒေသခံပြည်သူ ၆၄ ဦးတို့ကို ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များနှင့် ဒေသခံပြည်သူများအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်နှင့် မန္တလေးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆည်မြောင်းဂုဏ်ဆောင် ကြက်မောက်တောင် (၁)

ဦးမျိုးမြင့်

**မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်း တည်ရှိသော ကြက်မောက်တောင် ဆည်မြောင်းစီမံကိန်းကို ၁၉၆၁-၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီအစိုးရနှင့် ယခင် ဆိုဗီယက်ဆိုရှယ်လစ်သမ္မတနိုင်ငံအစိုးရတို့ ချစ်ကြည်ရေးပူးပေါင်းမှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ စီမံကိန်း၏ စီမံအုပ်ချုပ်မှုအဝဝကို ခရိုင်အင်ဂျင်နီယာ(မြို့ပြ)(၁)နှင့် ခရိုင်အင်ဂျင်နီယာ(မြို့ပြ)(၂) (အထူးအရာရှိ)တို့က ဦးဆောင်လျက် လက်ထောက်အင်ဂျင်နီယာ(မြို့ပြ) ကိုးဦး၊ လက်ထောက်အင်ဂျင်နီယာ(စက်မှု) နှစ်ဦးတို့ ပါဝင်ဖွဲ့စည်းလုပ်ကိုင်ခဲ့ပါသည်။**

လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) သုံးဦးသည် စောစောပိုင်းကာလတွင် အခြားစီမံကိန်း/ ရုံးများသို့ ပြောင်းရွှေ့သွားခဲ့ကြသဖြင့် လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) ခြောက်ဦးသာ ကျန်ရှိခဲ့ပါသည်။ ကြက်မောက်တောင် စီမံကိန်း၏ စက်မှုဆိုင်ရာ လုပ်ငန်းများကို ရန်ကုန်တွင် ရုံးစိုက်သော ခရိုင်အင်ဂျင်နီယာ(စက်မှု)က ပူးတွဲတာဝန် ထမ်းဆောင်ခဲ့ပါသည်။

၂၀၂၅ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့က နှစ်ပေါင်း ၆၀ ကျော်အတွင်း တမံရေပိုလွှဲမှ ပထမဆုံးအကြိမ် ရေကျော်ကျ စီးဆင်းမှုသတင်းများ ထွက်ပေါ်လာချိန်တွင် စီမံကိန်းမူလစတင်သည်မှ ပါဝင်ခဲ့သည့် ခရိုင်အင်ဂျင်နီယာ နှစ်ဦးနှင့် လက်ထောက်အင်ဂျင်နီယာ (မြို့ပြ /စက်မှု) ၁၀ ဦးမှာ ကွယ်လွန်ခဲ့ပြီဖြစ်ပါသည်။ စာရေးသူတစ်ဦးသည်သာ သက်ရှိထင်ရှားရှိနေသဖြင့် နောက်ကြောင်းပြန်လည်စဉ်းစားမိရာမှ စီမံကိန်းဆိုင်ရာ မှတ်တမ်းဆောင်းပါးအဖြစ် ရည်ရွယ်၍ မိမိမှတ်မိသမျှ၊ မှီငြမ်းကိုးကားရရှိသမျှ အချက်အလက်များအပေါ် အခြေခံပြီး ဤဆောင်းပါးကို ရေးသားပြုစုခြင်းဖြစ်ပါသည်။




စီမံကိန်းရေလှောင်တမံ တည်နေရာပြပုံ။

ကြက်မောက်တောင် ဆည်မြောင်းစီမံကိန်းကို ၁၉၆၁-၁၉၆၂ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၁၉၆၆-၁၉၆၇ ခုနှစ်တွင် ပြီးစီးခဲ့ပါသည်။ တည်ဆောက်ပြီးစီး၍ နှစ်ပေါင်း ၆၀ ကျော်ကာလ ၂၀၂၅ ခုနှစ် မိုးရာသီတွင် ပုပ္ပါးတောင်ဆက်စပ်ရေဆင်းဧရိယာ ၁၃၈ ဒသမ ၉၈ စတုရန်းမိုင်နှင့် ဒေသတွင်း အဆက်မပြတ်မိုးသည်းထန်စွာရွာသွန်းသဖြင့် ရေလှောင်ကန် ဝင်ရောက်ရေ မြန်ဆန်စွာ မြင့်တက်လာခဲ့ပါသည်။

**ထူးကဲရေကြီးမှုကြောင့် ထိခိုက်မှုများ မရှိစေရေး ကြိုတင်ပြင်ဆင်**

ကြုံတောင့်ကြုံခဲ တမံရေပိုလွှဲမှ ကန်ရေပြည့်ရေလှောင်ပမာဏထက် ပိုမိုရေများ ကျော်ကျစီးဆင်းမှုဖြစ်ပေါ်ခဲ့ရာ တမံအောက်ပိုင်း ကျေးရွာများမှ ပြည်သူများ စိုးရိမ်ပူပင်ကြောင့်ကြမှု ဖြစ်ခဲ့ကြသည်ဟု သိရပါသည်။ ထိုအချိန်မတိုင်မီကပင် ဆည်မြောင်းနှင့် ရေအသုံးချရေး စီမံခန့်ခွဲမှုဦးစီးဌာန (ဆည်/ရေ)မှ တာဝန်ရှိသူများက ဆည်ရေသောက်ဧရိယာကျေးရွာများသို့ ကွင်းဆင်း၍ အရေးပေါ်အခြေအနေကြိုတင် အသိပေးနှိုးဆော်ခြင်းနှင့်အတူ ထူးကဲရေကြီးမှုကြောင့် ထိခိုက်မှုများ မရှိစေရေး ကြိုတင်ပြင်ဆင်ခြင်းများ ဆောင်ရွက်ခဲ့ရာ မရေးမနှောင်းပင် ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၃၀ ရက်၌ ကန်ရေပြည့်ရေလှောင်ပမာဏ နိမ့်မြင့်မှတ် (RL) ၉၃၇ ဒသမ ၀ ပေထက် ကျော်လွန်၍ နိမ့်မြင့်မှတ် ပေ ၉၄၀ ဒသမ ၄၀ အထိ မြင့်တက်ရောက်ရှိလာခဲ့ပါသည်။ ယင်းအချိန်တွင် ရေပိုလွှဲရေလျှံလမ်းမှ ပေ ၃ ဒသမ ၄၀ ကျော်ကျ စီးဆင်းခဲ့ပြီးနောက် ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် ကန်တွင်း သိုလှောင်ရေနိမ့်မြင့်မှတ် ပေ ၉၃၉ ဒသမ ၇၀ သို့ ကျဆင်းသွားခဲ့ပါသည်။ ထိုအချိန် ကျော်ကျစီးဆင်းရေထုထည်ပမာဏ ကေပေ ၇၉၂၀ ခန့် ရှိကြောင်း လေ့လာသိရှိရပါသည်။

> ❂ စိုက်ပျိုးရေ၊ လူ၊ ကျွဲ၊ နွား တိရစ္ဆာန်သုံးရေ လုံလောက်စွာ ဖြည့်တင်းပေးနိုင်မှသာလျှင် လက်တွေ့ကျလျက် နိုင်ငံ၏ လယ်ယာစီးပွားတိုးတက်စေမှုကိုပါ အထောက်အကူပြုမည်
>
> ❂ လူမှုဒုက္ခအပေါင်း အထိုက်အလျောက် ပြေလည်စေရန် ဖြေရှင်းနိုင်ရေး၊ ဒေသစိမ်းလန်းစိုပြည်လာစေရေးတို့အတွက် ရည်ရွယ်လျက် ကြက်မောက်တောင် ဆည်မြောင်းစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ယနေ့အထိ အပြည်ပြည်ဆိုင်ရာ တမံကြီးများကော်မရှင် (International Commission on Large Dams-ICOLD) နှင့် မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ (Myanmar National Committee on Large Dams-MNCOLD) တို့၏ အသိအမှတ်ပြု ရေလှောင်တမံပေါင်း ၂၀၀ ကျော် တည်ဆောက်ပြီးစီးထားရာ နှစ်စဉ်လိုပင် ရေလှောင်တမံ အတော်များများ မိုးရာသီတွင် ရေပိုလွှဲများမှ ရေကျော်ကျ စီးဆင်းမှုဖြစ်စဉ်များ ရှိခဲ့ကြသော်လည်း ပုံမှန်ဖြစ်စဉ်အဖြစ် သိရှိထားကြပါသည်။

ယခု ကြက်မောက်တောင် တမံရေပိုလွှဲမှ ကြုံတောင့်ကြုံခဲ ရေကျော်ကျ/ လျှံကျ စီးဆင်းမှုဖြစ်စဉ်မှာ အထူးသတင်းဖြစ်သွားပါသည်။ စာရေးသူကိုယ်တိုင်ပင်လျှင် စီမံကိန်းကာလတစ်လျှောက် ပါဝင်တာဝန်ထမ်းဆောင်ခဲ့သည့် နောက်ပိုင်း နှစ်စဉ်လိုပင် ကြက်မောက်တောင်ဆည် ရေဝင်ရောက်မှုနည်းပါးခဲ့သဖြင့် မိုးလေဝသနှင့်ဇလဗေဒ ဆက်နွှယ်ဒီဇိုင်းတွက်ချက်မှုများအပေါ် မေးခွန်းထုတ်ခြင်း ခံခဲ့ရပါသည်။ ယခင်နှစ်အဆက်ဆက်က တမံရေပိုလွှဲမှ ရေစပ်စပ်ပင် ကျော်ကျခဲ့ဖူးခြင်းမရှိခဲ့၍ သံသယဖြင့် လေ့လာစုံစမ်းပြီး နောက်တွင်သာ မိမိတောင့်တနေသော အိပ်မက်မှန်ကန်နေသည် ဖြစ်ရာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်။

ဝန်ထမ်းတာဝန်ဖြင့် နေထိုင်ရင်း အဆိုပါဒေသနှင့် အကျွမ်းတဝင်ဖြစ်နေသည့်အပြင် နောက်ပိုင်း ၂၀၁၀ မှ ၂၀၁၃ ခုနှစ်များ ဝန်းကျင်တွင် ကျောက်ပန်းတောင်းမြို့နယ်၏ လူမှုစီးပွားဖွံ့ဖြိုးမှု အထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်ခွင့် ကြုံကြိုက်ရရှိခဲ့ခြင်းကြောင့်လည်း ကြက်မောက်တောင် ဆည်မြောင်းစီမံကိန်းနှင့် ဒေသခံများ ဆက်စပ်ဖြစ်စဉ်အရပ်ရပ်အပေါ် ထိတွေ့သံယောဇဉ်ရှိနေသည်ဟု ဆိုနိုင်ပါသည်။

စာရေးသူသည် ကြက်မောက်တောင်တမံရေပိုလွှဲမှ ကန်တွင်းသိုလှောင် ရေကျော်ကျ စီးဆင်းသည့်ကာလနှင့် တိုက်တိုက်ဆိုင်ဆိုင် ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့ နေပြည်တော်မှ ပုဂံ-ညောင်ဦးသို့ သွားရောက်သည့် ဘုရားဖူးခရီးစဉ် ကြုံကြိုက်လာခဲ့ပါသည်။ ဆည်/ရေ ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်အား ခရီးစဉ်လမ်းခုလပ် အခွင့်သာခိုက် ကြက်မောက်တောင်တမံ ရေပိုလွှဲမှရေကျော်ကျစီးဆင်းမှုနှင့် ဆက်စပ်မြင်ကွင်းများကို ဝင်ရောက်လေ့လာခွင့် မေတ္တာရပ်ခံခဲ့ရာ စီစဉ်ပေးမှုဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် နယ်မြေ တာဝန်ရှိသူများက လက်ခံတွေ့ဆုံ ရှင်းလင်းပြသခဲ့ကြပါသည်။

**စိုက်ပျိုးသီးနှံမြင်ကွင်းကို မျက်စိတစ်ဆုံး ကြည်နူးဖွယ်ရာ တွေ့မြင်**

ကြက်မောက်တောင်တမံပေါ်မှ ရေသောက်စနစ်သို့ မျှော်ကြည့်လျှင် လက်ဝဲနှင့် လက်ယာတူးမြောင်းစနစ် ဆည်ရေသောက် ဧရိယာများတွင် ဆည်ရေပေးဝေမှုဖြင့် စိမ်းလန်းစိုပြည် ဖြစ်ထွန်းနေသည့် စိုက်ပျိုးသီးနှံ စိုက်ကွင်းများ မြင်ကွင်းကိုလည်း မျက်စိတစ်ဆုံး ကြည်နူးဖွယ်ရာ တွေ့မြင်ခွင့် ရရှိခဲ့ပါသည်။ *စာမျက်နှာ ၇ သို့*



တမံရေပိုလွှဲ ရေကျော်ကျစီးဆင်းမှုကို တွေ့ရစဉ်။



တမံရေပိုလွှဲ အောက်ပိုင်းပြန်ခံတံတား ရေစီးဆင်းမှုကို တွေ့ရစဉ်။

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်
၄၉
ရက်
သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅) ဖြင့် ၂၈-၁၂-၂၀၂၅ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် (၁၀၂) မြို့နယ်ကိုလည်းကောင်း၊ ၂၈-၁၀-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၁/၂၀၂၅) ဖြင့် ၁၁-၁-၂၀၂၆ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်သည့် မြို့နယ် (၁၀၀) မြို့နယ်ကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် (၅၆)နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် (၉)နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် (၅၆)နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။
- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

## ကသာမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေး

**ကသာ နိုဝင်ဘာ ၈**

ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပသွားမည့် လွှတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပသွားနိုင်ရေးနှင့် မဲဆန္ဒရှင်များ မှန်ကန်မြန်ဆန်လွယ်ကူစွာ ဆန္ဒမဲပေးနိုင်ရန်ဟူသည့် ရည်ရွယ်ချက်ဖြင့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) အသုံးပြုနည်း လက်တွေ့စမ်းသပ် ဆန္ဒမဲပေးခြင်းအခမ်းအနားကို ကသာမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် ကသာခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာထွန်းက အမှာစကားပြောကြားပြီး ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးအောင်မင်းဦးနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဒေါ်တင်နီလာမြင့်တို့က မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) အကြောင်းနှင့် စက်တပ်ဆင်ခင်းကျင်းပုံ၊ မဲပေးပုံအဆင့်ဆင့်တို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက်တက်ရောက်လာကြသည့်ပြည်သူများက သိလိုသည်များ မေးမြန်းကြပြီး လက်တွေ့စမ်းသပ်မဲပေးခဲ့ကြကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

## လေဖိအားနည်းဆဲလ် အားလျော့သွားခဲ့ပြီဖြစ်

**နေပြည်တော် နိုဝင်ဘာ ၈**

ယနေ့နံနက် ၅ နာရီခွဲ တိုင်းထွာချက်များအရ ထိုင်းနိုင်ငံ ကုန်းတွင်းပိုင်းဒေသများကို ဖြတ်ကျော်လျက်ရှိသော လေဖိအားနည်းဆဲလ်သည် အနောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အားလျော့သွားခဲ့ပြီးဖြစ်သည်။

ယခုသတင်းသည် တိုင်ဖွန်းမုန်တိုင်း "ခန့်မေဂီ" အတွက် ထုတ်ပြန်ပေးသည့် နောက်ဆုံးသတင်းဖြစ်ပါသည်။

မိုး/ဇလ

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၇-၁၁-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၀၆:၃၀ နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၈-၁၁-၂၀၂၅ ရက်နေ့မှ ၉-၁၁-၂၀၂၅ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ




*စာမျက်နှာ ၆ မှ*

တစ်မူထူးခြားစွာဖြင့်လည်း ပြာလဲ့လဲ့ညို့ညို့မှိုင်းမှိုင်း အောက်တွင် ပုပ္ပါးတောင်နှင့် တောင်ကလပ်တို့၏ နောက်ခံအလှအပနှင့်အတူ ရှုမငြီးနိုင်သော မိုးခေါင်ရေရှားရပ်ဝန်းဒေသ၏ ကြက်မောက်တောင်ဆည်ရေပြင်သည် ရေပင်လယ်ကြီးပမာ လှပစွာ မြင်တွေ့ခံစားခဲ့ရပါသည်။

ရေပိုလွှဲမှ ရေကျော်ကျမှု လျော့နည်းလာစဉ်ကန်အတွင်း ဝင်ရေ/သိုလှောင်ရေကို အတိုင်းအတာတစ်ခုအထိ ပိုမိုထိန်းသိမ်းထားရန် ရေပိုလွှဲ ရေလျှံလမ်းတစ်လျှောက် နှစ်ပေမှ သုံးပေခန့်အထိ သဲအိတ်များ ထပ်ဆင့်ချထားလျက်ရှိသည်ကိုလည်း မှန်ကန်သော လုပ်ရပ်အဖြစ် မြင်တွေ့ခဲ့ရပါသည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေ ပိုမိုရရှိခြင်းနှင့်အတူ ရေလှောင်ကန် အငွေ့ပြန်နှုန်းကြောင့် ရေဆုံးရှုံးမှုတမံနှင့် တမံအုတ်မြစ် စိမ့်ရေဆုံးရှုံးမှု၊ အခြားရေဆုံးရှုံးမှုများ စသည်တို့ ကာမိစေရန် ဆောင်ရွက်သည့် ရည်ရွယ်ချက်ကောင်းဖြစ်သည်ကို ဖော်ပြလိုပါသည်။



လက်ယာမြောင်း ဖြတ်ကျော် ရေပိုလွှဲစီးဆင်းမှုကို တွေ့ရစဉ်။

တစ်ဖန် ကြက်မောက်တောင် ဆည်မြောင်းစီမံကိန်း ဖြစ်ပေါ်လာပုံနှင့် ဆက်စပ်ဖြစ်စဉ်များကိုလည်း မီးမောင်းထိုးပြလိုပါသည်။ မြန်မာနိုင်ငံအလယ်ပိုင်း မိမိဇာတိ တိုင်းဒေသကြီး၏ ပူပြင်းခြောက်သွေ့ မိုးခေါင်ရေရှားရပ်ဝန်းဒေသတွင် တစ်နှစ်လျှင် ပျမ်းမျှမိုးရေချိန် ၃၂ လက်မသာ ရွာသွန်းသဖြင့် မိုးရေတစ်ခုတည်းကိုသာ မှီခိုအားထား၍ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်မှာ သဘာဝမကျနိုင်ပါ။ နိုင်ငံ၏ လူဦးရေအများစု တောင်သူလယ်သမားများ၏ သီးနှံစိုက်ပျိုးရေးဘက်စုံ ဖွံ့ဖြိုး၍ လယ်ယာစီးပွားတိုးတက်မှသာလျှင် လူမှုဘဝပါ မြင့်တက်လာမည်မှာ အထူးဆိုဖွယ်ရာမရှိပါ။

စိုက်ပျိုးရေ၊ လူ၊ ကျွဲ၊ နွား တိရစ္ဆာန်သုံးရေ လုံလောက်စွာ ဖြည့်တင်းပေးနိုင်မှသာလျှင် လက်တွေ့ကျလျက် နိုင်ငံ၏လယ်ယာစီးပွား တိုးတက်စေမှုကိုပါ အထောက်အကူပြုမည်ဖြစ်ပါသည်။ အဆိုပါ ပူးပြင်းခြောက်သွေ့ဒေသတွင် သဘာဝစိမ့်စမ်းချောင်းရေများ ခန်းခြောက်လျော့နည်းခြင်းနှင့်အတူ ဝေးလံဒေသများမှ သောက်ရေ/သုံးရေ သယ်ယူရသော လူမှုဒုက္ခမှာ ကြီးမားလှပါသည်။ ဖော်ပြပါ လူမှုဒုက္ခအပေါင်း အထိုက်အလျောက် ပြေလည်စေရန် ဖြေရှင်းနိုင်ရေး၊ ဒေသစိမ်းလန်းစိုပြည်လာစေရေးတို့အတွက် ရည်ရွယ်လျက် ကြက်မောက်တောင် ဆည်မြောင်းစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ ဧရာဝတီတိုင်းဒေသကြီးရှိ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေသည် ယမန်နေ့ နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမတွင် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံ၏ ပို့ကုန်သွင်းကုန်များ နိုင်ငံတကာနှင့် ဆက်သွယ်ဆောင်ရွက်နေမှု၊ ကမ္ဘာ့ဈေးကွက်တွင် ဧရာဝတီတိုင်းဒေသကြီး၏ အဓိကထွက်ကုန်များဖြစ်သော ဆန်၊ ပဲ၊ ပြောင်း၊ ရေထွက်ကုန်များ၏ ဈေးကွက်ဝင်မှုနှင့် နိုင်ငံတော်၏ဝင်ငွေကိုရရှိအောင် ဆောင်ရွက်နိုင်မှုအခြေအနေများ၊ ကမ္ဘာ့ဈေးကွက်တွင် ပို့ကုန်များ၏ ဈေးနှုန်းပြောင်းလဲလာခြင်းကြောင့် ဈေးကွက်ဝင်ပို့ကုန်များဖြစ်စေရေး၊ အရည်အသွေးကောင်းမွန်စေရေး၊ စိုက်ပျိုးနည်းစနစ်များနှင့် ကြိတ်ခွဲစက်များ ကောင်းမွန်စေရေးအတွက် နိုင်ငံတော်မှ သွင်းအားစုများနှင့် စက်အရန်ပစ္စည်းများ ပြည်ပမှ တင်သွင်းပေးမှုတို့ကိုရှင်းလင်းပြောကြားပြီး အသင်းအဖွဲ့များအနေဖြင့်လည်း လုပ်ငန်းရှင်များ၏ အခက်အခဲများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန်နှင့် နိုင်ငံတော်နှင့် ပြည်သူပူးပေါင်း၍ နိုင်ငံ့စီးပွားရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။




ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက ဧရာဝတီတိုင်းဒေသကြီးသည် စပါး/ဆန်အများဆုံး စိုက်ပျိုးထုတ်လုပ်သည့် စပါးကျီဖြစ်သည်နှင့်အညီ မိုး/နွေ စပါး၊ ဆီထွက်သီးနှံများနှင့် ပဲပုပ်စိုက်ပျိုးခြင်းကိုလည်း လျာထားချက်အတိုင်း စိုက်ပျိုးဆောင်ရွက်လျက် ရှိပါကြောင်း၊ ပေါ်ဆန်းနှင့်ပတ်သက်၍ Brand ထုတ်ကုန်ဖြစ်အောင် အထူးကြိုးစားဆောင်ရွက်နေပါကြောင်း၊ Export Zone ထူထောင်ခြင်း၊ Contract Farming ဆောင်ရွက်ခြင်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပီလောပီနံ သီးနှံကိုလည်း တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ယခင်နှစ်ထက် ပိုမိုထုတ်လုပ်တင်ပို့နိုင်ရေး ချိတ်ဆက်ဆောင်ရွက်လျက် ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ARCCI) ဥက္ကဋ္ဌ၊ တိုင်းဆန်စက်လုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌနှင့် ဆန်နှင့်ဆန်ထွက်ပစ္စည်း ပြည်ပသို့ တိုက်ရိုက်တင်ပို့သည့် ကုမ္ပဏီမှ တာဝန်ရှိသူများက ဒေသထွက်ကုန်သီးနှံများ ပြည်ပသို့ တင်ပို့နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသောဝန်ထမ်းအိမ်ရာများအတွက် အစားထိုးအသစ်ပြန်လည်တည်ဆောက်မည့် ဝန်ထမ်းအိမ်ရာများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၈**

အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်သည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်တို့နှင့်အတူ ယနေ့တွင် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် ဝန်ထမ်းအိမ်ရာများအတွက် အစားထိုးအသစ်ပြန်လည် တည်ဆောက်မည့် ဝန်ထမ်းအိမ်ရာများ အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ငလျင်ဒဏ်ကြောင့်ပျက်စီးသွားသောဝန်ထမ်းအိမ်ရာများအတွက် အစားထိုးအသစ်ပြန်လည် တည်ဆောက်မည့် အောင်မြေမန္တလာနိုင်ငံ့ဝန်ထမ်းအိမ်ရာနှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီပိုင်မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

စစ်ဆေးစဉ် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် မြန်မာမြို့ပြနှင့် အခြေခံအဆောက်အဦဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်း (MDA)တို့မှ တာဝန်ရှိသူတို့က ဝန်ထမ်းအိမ်ရာ ၂၆ လုံး၊ တည်ဆောက်ရန်လျာထားသည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က လုပ်ငန်းများအမြန်ဆုံး စတင်ဆောင်ရွက်နိုင်ရေး၊ မြေစမ်းသပ်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ဒီဇိုင်းပုံစံများ ဆောင်ရွက်ပြီးဖြစ်၍ အမြန်ဆုံးမြေပြင်တွင် စတင်ဆောင်ရွက်ရန်နှင့် တည်ဆောက်ဆဲ ကာလအတွင်း စံချိန်စံညွှန်းပြည့်ဝစွာ ဆောင်ရွက်နိုင်ရေးအတွက် အရည်အသွေးထိန်းသိမ်းရေး အဖွဲ့များက ကြပ်မတ်ဆောင်ရွက်ရန်၊ လိုအပ်သည်များရှိပါက သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဧရာဝတီတံတား(ရတနာပုံ)သို့ သွားရောက်၍ ရှင်းလင်းဆောင်တွင် တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုက ပျက်စီးမှုအပိုင်းအလိုက် ပြုပြင်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဧရာဝတီတံတား (ရတနာပုံ)သည် ဧရာဝတီမြစ်ကို ဖြတ်ကျော်၍ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးကို ဆက်သွယ်ပေးထားသည့် အရေးပါသော တံတားတစ်စင်းဖြစ်၍ အန္တရာယ်ကင်းရှင်းစွာ ဖြတ်သန်းအသုံးပြုနိုင်စေရေးအတွက် မော်တော်ယာဉ်များ၏ ခံနိုင်ဝန်ကို စနစ်တကျ တွက်ချက်၍ နေ့စဉ်မှတ်တမ်းထားရှိ ဆောင်ရွက်ရန် လိုပါကြောင်း၊ တံတားကြံ့ခိုင်မြဲရေးအတွက် တံတားပေါ်တွင် ယာဉ်ကြီး/ယာဉ်ငယ်များ ခွင့်ပြုတန်ချိန်အတိုင်း ဖြတ်သန်းသွားလာနိုင်ရေး စစ်ဆေးကြပ်မတ်ပေးရန်တို့ကို မှာကြားသည်။



ဧရာဝတီတံတား (ရတနာပုံ)သည် မန္တလေးငလျင်ကြီးကြောင့် တံတားအစိတ်အပိုင်းများ ထိခိုက်ပျက်စီးသွားသည့်အတွက် ပထမဦးစားပေးအနေဖြင့် ပြုပြင်ခဲ့ရာ Bracing လဲလှယ်ခြင်း ၃၂ နေရာလုံးပြီးစီး၍ Gusset Plate လဲလှယ်ခြင်းမှာလည်း ၆၈ နေရာအားလုံးလဲလှယ်ပြီးဖြစ်၍ ခရီးသည်တင်ယာဉ်နှင့် ၁၂ ဘီး ကုန်တင်ယာဉ်များအား ၂၅ တန်အထိ ဖြတ်သန်း ခွင့်ပြုထားသည်။

ဒုတိယဦးစားပေး လုပ်ငန်းများဖြစ်သော RP–4 နှင့် RP–5 ၏ Haunch အပိုင်းရှိ Inclined Member နှင့် Vertical Member များအား ထပ်မံအားဖြည့်ခြင်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယာဉ်ကြီး/ယာဉ်ငယ်များ မူလအတိုင်း ဖြတ်သန်းသွားလာနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အတူ စစ်ကိုင်းတိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ နန်းဦးမြို့သစ်ဝန်ထမ်းအိမ်ရာ တည်ဆောက်မည့်လုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် ညွှန်ကြားရေးမှူးက ငလျင်ဒဏ်ကြောင့် ဝန်ထမ်းအိမ်ရာများ ပျက်စီးမှုအခြေအနေ၊ အရာထမ်း/အမှုထမ်းများအတွက် အဆောက်အအုံ ခုနစ်လုံးအား မြန်မာမြို့ပြနှင့် အခြေခံအဆောက်အဦဖွံ့ဖြိုးရေးလုပ်ငန်းရှင်များအသင်း (MDA)မှ အသစ်ပြန်လည်တည်ဆောက်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က လုပ်ငန်းလိုအပ်ချက်များ မှာကြားပြီး ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးတိမ်တောင်များ ဖြစ်ထွန်းမှု အားကောင်းလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၈**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း) တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## မန္တလေးတိုင်းဒေသကြီး အလယ်အလတ်အခွန်ထမ်းများအခွန်ဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**မန္တလေး နိုဝင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၅)၏ အခွန်ဆိုင်ရာအသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက အလယ်အလတ်အခွန်ထမ်းများဆိုင်ရာ အခွန်ရုံး(၅) အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။




အဆိုပါ အခွန်ဆိုင်ရာပညာပေး ရှင်းလင်းဆွေးနွေးပွဲတွင် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး(၅) ဌာနမှူး၊ ညွှန်ကြားရေးမှူး ဦးပိုင်စိုးက အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ရွှေစင်ရီက တည်ဆဲအခွန်ဆိုင်ရာဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းလွယ်ကူစွာသိရှိနိုင်စေရန် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်း၊ ပညာရေးဝန်ဆောင်မှုလုပ်ငန်း၊ စက်သုံးဆီလုပ်ငန်းများကို အခွန်ပညာပေးရှင်းလင်းဆွေးနွေးခဲ့ရာ ကုမ္ပဏီလုပ်ငန်းရှင်စုစုပေါင်း ၅၀ တက်ရောက်ကြပြီး အခွန်ဆိုင်ရာ သိကောင်းစရာ လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရသည်။ **မောင်ကျော်ကြီး**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်)အား ကြည့်ရှုစစ်ဆေး

## စီမံကိန်းလုပ်ငန်းများအား ရေးဆွဲထားရှိသည့် အချိန်ဇယားများအတိုင်း ပြီးစီးရေး ကြပ်မတ်ဆောင်ရွက်ရန် မှာကြား

**နေပြည်တော် နိုဝင်ဘာ ၈**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်)သို့ ရောက်ရှိပြီး စက်ရုံ အစည်းအဝေးခန်းမ၌ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာ၊ စက်ရုံမှူး၊ ရှမ်းပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနနှင့် အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်)တို့မှ အရာထမ်း၊ အမှုထမ်းများ၊ စက်ရုံတည်ဆောက်ရေး စီမံကိန်းအဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲတွင် ဝန်ထမ်းများ၊ မိသားစုဝင်များအားလုံး မဲပေးနိုင်ရေး စီမံဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများနှင့် စပ်လျဉ်း၍ နှစ်အလိုက် ဆောင်ရွက်ခဲ့မှု အခြေအနေများကို ပြန်လည်သုံးသပ်ပြီး အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်ရမည်ဖြစ်ကြောင်း၊ ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ဆောင်ရွက်သည့် စီမံကိန်းလုပ်ငန်းများအား ဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်နိုင်ရေး တာဝန်ရှိသူ အဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စီမံကိန်းလုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် လိုအပ်သော ဆက်စပ်ပစ္စည်းများအား ကြိုတင်ဝယ်ယူစုဆောင်းထားရှိရမည်ဖြစ်ကြောင်း၊ စက်ရုံ၌ စစ်ဆေးပြုပြင်ပြီးဖြစ်သည့် စက်ပစ္စည်းများကိုလည်း စမ်းသပ်မောင်းနှင်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းများကို အစဉ်အမြဲ ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနသည် ပြည်သူများ၏ အသက်အိုးအိမ် စည်းစိမ်များ ဆုံးရှုံးမှုမရှိစေရေးအတွက် ဆောင်ရွက်ရသည့် ဦးစီးဌာနဖြစ်၍ စက်မှုလုပ်ငန်းများကို ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ တိတိကျကျ လိုက်နာဆောင်ရွက်ရမည် ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ စက်ရုံမှူး၊ ပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဦးစီးမှူးတို့က စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ရန်ကျန်ရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ ဦးစီးဌာနအနေဖြင့် ပြည်နယ်အတွင်းရှိ စက်မှုလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စစ်ဆေးကြပ်မတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို အသီးသီး ရှင်းလင်းတင်ပြရာ စီမံကိန်းလုပ်ငန်းများအား ရေးဆွဲထားရှိသည့် အချိန်ဇယားများအတိုင်း ပြီးစီးရေး ကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကုန်ကြမ်းပြုပြင်ရေး အလုပ်ရုံတွင် တပ်ဆင်ထားရှိသည့် စက်ပစ္စည်းများကို ဝန်အားဖြင့် စမ်းသပ်လည်ပတ်နေမှု၊ လေသန့်စင်အလုပ်ရုံတွင် စက်ပစ္စည်းများ စမ်းသပ်မောင်းနှင်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# ဒလမြို့နယ်တရားရုံး အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၈**

ဒလမြို့နယ်တရားရုံး အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တွံတေးခရိုင် ဒလမြို့နယ် ဗိုလ်ရန်ပြေရပ်ကွက် ဒလ-တွံတေးလမ်းရှိ ဒလမြို့နယ်တရားရုံး၌ ကျင်းပသည်။



ဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ တရားလွှတ်တော်တရားသူကြီးများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်တို့က ရုံးအဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး(**အပေါ်ပုံ**) မြို့နယ်တရားရုံးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည် ပက်ဖျန်းပေးသည်။

ယင်းနောက် ဒုတိယပိုင်းအစီအစဉ်ကို အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ Diamond City ကုမ္ပဏီလီမိတက်မှ မန်နေဂျင်း ဒါရိုက်တာ ဦးတင်မောင်က ရုံးအဆောက်အအုံနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ရုံးအဆောက်အအုံနှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို ဒလမြို့နယ်တရားသူကြီး ဦးသက်ပိုင်ဦးထံသို့ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်တရားသူကြီးက မြို့နယ်တရားရုံး အဆောက်အအုံသစ်ဖွင့်လှစ်ဆောင်ရွက်နိုင်အောင် အဘက်ဘက်မှ ဝိုင်းဝန်းပူးပေါင်း ကူညီဆောင်ရွက်ပေးမှုအပေါ် ကျေးဇူးတင်စကားပြောကြားသည်။ အခမ်းအနားအပြီးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက အဆောက်အအုံသစ် အတွင်း လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များမှာကြားသည်။

အဆိုပါ ဒလမြို့နယ် တရားရုံး အဆောက်အအုံသစ်ကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ ကြီးကြပ်မှုဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်မှစ၍ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်အထိ ခွင့်ပြုရန်ပုံငွေ စုစုပေါင်း ငွေကျပ် ၂၆၂၂ သန်းဖြင့် Diamond City ကုမ္ပဏီလီမိတက်မှ တာဝန်ယူတည်ဆောက်ခဲ့ခြင်း ဖြစ်သည်။ ယခု တည်ဆောက်ပြီးစီးခဲ့သည့် ဒလမြို့နယ် တရားရုံးသည် အလျားပေ ၉၀ x အနံ ပေ ၇၀၊ လေးထပ် သံကူကွန်ကရစ် အဆောက်အအုံဖြစ်ကာ ခေတ်နှင့်လျော်ညီစွာ တည်ဆောက်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# နှစ်(၇၀)ပြည့် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ပြည်နယ်ဂုဏ်ဆောင်ထူးချွန်သူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ ကျင်းပ

**ဘားအံ နိုဝင်ဘာ ၈**

နှစ် (၇၀) ပြည့် ကရင်ပြည်နယ်နေ့ အထိမ်းအမှတ် ပြည်နယ်ဂုဏ်ဆောင် ထူးချွန်သူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ နိုင်ငံ့ဂုဏ်ဆောင်နိုင်သူများနှင့် ပြည်နယ်ဂုဏ်ဆောင်နိုင်သူများ တက်ရောက်ကြသည်။




ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူအားလုံး နိုးကြားတက်ကြွစွာဖြင့် ပြည်နယ်အကျိုးကို ဆက်လက်သယ်ပိုးဆောင်ရွက်သွားကြရန်၊ ပြည်နယ်ဂုဏ်ဆောင်နိုင်သည့် ထူးချွန်ဆုရရှိကြသူများအနေဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန်နှင့် ထူးချွန်သူများကို အားကျအတုယူပြီး ပြည်နယ်ဂုဏ်ဆောင်နိုင်သည့် မျိုးဆက်သစ်များ ဆက်လက်ပေါ်ပေါက်လာစေကြောင်း ဆန္ဒပြုပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက နိုင်ငံ့ဂုဏ်ဆောင်နိုင်သူများနှင့် ပြည်နယ်ဂုဏ်ဆောင်နိုင်သူများ၊ နိုင်ငံတော်အဆင့် ဆောင်းပါးများ၊ စာစီစာကုံးပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိခဲ့သူများ၊ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်ကောင်းသော ကျောင်းနှင့် မြို့နယ်၊ အမှတ်အများဆုံးရရှိသည့် ကျောင်းသား ကျောင်းသူများ၊ သက်ဆိုင်ရာ သင်တန်းများတွင် ထူးချွန်ဆုရရှိခဲ့ကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ စိုက်ပျိုးရေး တောင်သူ ထူးချွန်ဆု၊ မွေးမြူရေး တောင်သူထူးချွန်ဆု၊ အားကစားထူးချွန်ဆုနှင့် ကြက်ခြေနီထူးချွန်ဆုရရှိကြသူများ၊ နိုင်ငံတော်ကကြီးမှူးကျင်းပသည့် (၂၆) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသူများ၊ ပြည်နယ်နေ့ အထိမ်းအမှတ် ဌာနဆိုင်ရာ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် စက်မှုလက်မှုပြခန်းများနှင့် အသိပညာပေးပြခန်းများတွင် ပြခန်းဆုရရှိကြသူများ၊ ကုန်သွယ်လုပ်ငန်းခွန် အများဆုံးထမ်းဆောင်သည့်ဆု၊ ဝင်ငွေခွန်အများဆုံး ထမ်းဆောင်သည့် ဆုနှင့် အထူးကုန်စည်ခွန် အများဆုံးထမ်းဆောင်သည့်ဆုများ ရရှိခဲ့ကြသည့် ပြည်နယ်အတွင်း လုပ်ငန်းရှင်များကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ထူးချွန်ဆုရရှိကြသူများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းနှီးနွေးထွေးစွာ တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မျိုးအတွက် ကွန်ချက်

ငပို

"မျိုး"လို့ ပြောလိုက်တာနဲ့ "မျိုးကောင်းမျိုးသန့် မျိုးစေ့"ကို ဆိုလိုတယ်လို့ တောင်သူလယ်သမားတွေရော၊ မျိုးစေ့ထုတ်လုပ်သူတွေရော၊ မျိုးစေ့ဖြန့်ဖြူးရောင်းချသူတွေရော သိကြပါတယ်။

ဒါဆို "မျိုးကောင်း"ဆိုတာဘာလဲ။ မျိုးကောင်းဆိုတာ သူ့ရဲ့မူလဗီဇကိုက အထွက်ကောင်းမယ်၊ ဒါမှမဟုတ် အရည်အသွေးကောင်းမယ်၊ ပိုးမွှားရောဂါဒဏ်၊ ရာသီဥတုဒဏ်ခံနိုင်မယ်၊ ခေတ်မြေဩဇာကို တုံ့ပြန်မှုကောင်းမယ်၊ ဒါမှမဟုတ် ယိုင်လဲမှုဒဏ်ခံနိုင်မယ်။ အဲဒီအချက်တွေ တစ်ခုထက်မကပါမယ် စတဲ့ သီးနှံတစ်ခုအတွက် ကောင်းတဲ့ လက္ခဏာတွေ ပါဝင်နေတဲ့ မျိုးတစ်မျိုးကို မျိုးကောင်းလို့ ခေါ်ရပါမယ်။

"မျိုးသန့်"ဆိုတာကရော။ မျိုးတစ်မျိုးရဲ့ မျိုးစေ့ထဲမှာ အခြားမျိုးကွဲတွေ ရောပါနေတာ၊ ဥပမာ-ရောမင်းမျိုးထဲမှာ ပေါ်ဆန်းစေ့တွေ ပါနေတာ၊ မနောသုခစေ့တွေ ပါနေတာ၊ ပေါင်းမြက်စေ့တွေ ပါနေတာ၊ အဖျင်းအမှော်၊ ဖုန်ခဲသဲတွေ ရောပါနေတာမရှိဘဲ သန့်တဲ့မျိုးစေ့ကို မျိုးသန့်လို့ပြောတာပါ။



❖ မျိုးကောင်းမျိုးသန့် တစ်မျိုးရဖို့ဆိုရင် မျိုးကောင်းရဖို့အတွက်ကတော့ မျိုးစေ့နဲ့ဆိုင်တဲ့ ပညာရပ်ပိုင်းလိုအပ်ပါတယ်။ မျိုးတစ်မျိုးရဲ့ မူလဗီဇမှာကိုက အထွက်ကောင်းတဲ့၊ အရည်အသွေးကောင်းတဲ့၊ ပိုးဒဏ် ရာသီဒဏ်ခံနိုင်တဲ့ လက္ခဏာတွေပါတဲ့ မျိုးတစ်မျိုးရဖို့ မျိုးစပ်တာ၊ မျိုးထွန်းအောင်ဖန်တီးတာ၊ ဇီဝနည်းတွေနဲ့ ပြုပြင်တာတွေလုပ်ဖို့လိုအပ်တာ ဖြစ်တဲ့အတွက် မျိုးစေ့ပညာရှင်တွေကပဲ ဆောင်ရွက်နိုင်မှာဖြစ်

### မျိုးစေ့နဲ့ဆိုင်တဲ့ ပညာရပ်ပိုင်းလိုအပ်

မျိုးကောင်းမျိုးသန့် တစ်မျိုးရဖို့ဆိုရင် မျိုးကောင်းရဖို့အတွက်ကတော့ မျိုးစေ့နဲ့ဆိုင်တဲ့ ပညာရပ်ပိုင်းလိုအပ်ပါတယ်။ မျိုးတစ်မျိုးရဲ့ မူလဗီဇမှာကိုက အထွက်ကောင်းတဲ့၊ အရည်အသွေးကောင်းတဲ့၊ ပိုးဒဏ် ရာသီဒဏ် ခံနိုင်တဲ့ လက္ခဏာတွေပါတဲ့ မျိုးတစ်မျိုးရဖို့ မျိုးစပ်တာ၊ မျိုးထွန်းအောင် ဖန်တီးတာ၊ ဇီဝနည်းတွေနဲ့ ပြုပြင်တာတွေလုပ်ဖို့လိုအပ်တာဖြစ်တဲ့အတွက် မျိုးစေ့ပညာရှင်တွေကပဲ ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

ဒါဆို ရှင်းပြီလေ။ ကျွန်တော်တို့လက်ထဲမှာရှိနေတဲ့မျိုး၊ ကောင်းနေတဲ့မျိုးကို သန့်အောင်လုပ်ဖို့အတွက်တော့ တစ်နည်းအားဖြင့် မျိုးသန့်ရဖို့ကတော့ တောင်သူလယ်သမားတွေ၊ မျိုးစေ့ထုတ်လုပ်သူတွေ၊ မျိုးစေ့ဖြန့်ဖြူးရောင်းချသူတွေ ဘယ်သူမဆိုဆောင်ရွက်နိုင်ပါတယ်။ ကျွန်တော်တို့လက်ထဲမှာရှိပြီးသား မျိုးကောင်းတစ်မျိုးကို မျိုးသန့်ဖြစ်ဖို့ စိုက်ခင်းမှာကတည်းက ဆောင်ရွက်ဖို့တော့ လိုပါတယ်။

စိုက်ခင်းထဲမှာ မညီမညာဖြစ်နေတဲ့အပင်တွေ၊ ပုံသဏ္ဌာန်ကွဲပြားနေတဲ့အပင်တွေ၊ အရောင်ကွဲပြားနေတဲ့အပင်တွေ၊ ပန်းပွင့်ချိန်၊ ရင့်မှည့်ချိန် မတူညီတဲ့အပင်တွေကို နုတ်ပစ် (ဒါမှမဟုတ်) အဲဒီအပင်တွေကို မရွေးဘဲ ညီညာမှုရှိတဲ့၊ ပုံသဏ္ဌာန်တူတဲ့၊ အပင်အရပ်၊ အရွယ်တူတဲ့၊ ပန်းပွင့်ချိန်တူတဲ့၊ ရင့်မှည့်ချိန်တူတဲ့အပင်တွေ၊ အရုံတွေထဲက အနှံ၊ အသီးတွေကို ရွေးပြီး မျိုးအဖြစ် သီးသန့်ရိတ်သိမ်းရမှာ ဖြစ်ပါတယ်။ ရိတ်သိမ်းပြီးရင်လည်း ပေါင်းမြက်တွေ၊ အဖျင်းအမှော်၊ ဖုန်ခဲသဲတွေ ပြောင်စင်အောင်ပြာတီးသန့်စင်ရမှာပေါ့။ ဒါဆို မျိုးကောင်းမျိုးသန့်မျိုးစေ့တွေကို ဈေးကြီးကြီးပေးပြီး ဝယ်စရာမလို၊ အချိန်ကုန်၊ လူပန်း၊ ငွေကုန်ခံပြီး လိုက်ရှာနေစရာမလိုဘဲ ကိုယ့်လယ်မှာပဲ ထုတ်လုပ်နိုင်ပြီပေါ့။

တောင်သူကြီးတွေအနေနဲ့ မျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်တဲ့ ကုမ္ပဏီကြီးတွေဆိုပြီး အထင်ကြီး နေစရာမဟုတ်ပါ၊ သူတို့လည်း ဒီနည်းကိုပဲ အသုံးပြုပြီး ထုတ်လုပ်ကြတာ ဖြစ်ပါတယ်။ သူတို့ကတော့ ဧရိယာ ကျယ်ကျယ်ပြန့်ပြန့်ထုတ်တဲ့အတွက် အခြောက်ခံစက်တွေ၊ မျိုးစေ့သန့်စင်စက်တွေသုံးကြတာနဲ့ တောင်သူများကတော့ နေလှန်းတယ်၊ ဆန်ကောဆန်ကာတွေနဲ့ ပြာတီးသန့်စင်တယ်၊ ဒါပဲကွာခြားတာဖြစ်ပါတယ်။

### မျိုးရဲ့အရင်းအမြစ် မှန်ဖို့လို

တစ်ခုပဲရှိတယ်။ ကိုယ့်မှာရှိနေတဲ့မျိုးက မျိုးရဲ့အရင်းအမြစ် မှန်ဖို့တော့လိုတာပေါ့။ ဒီမျိုးကို ကိုယ်ဘယ်ကရသလဲ၊ စိုက်ပျိုးရေးသုတေသနခြံတွေကလား၊ စိုက်ပျိုးရေး မျိုးစေ့ခြံတွေကလား၊ ဒီလိုခြံတွေမှာတော့ မျိုးစေ့ပညာရှင်တွေလည်းရှိတော့ မျိုးကောင်းဖို့အတွက် စိတ်ချရမှာပေါ့။ အဲဒီလို မျိုးတစ်မျိုးရပြီးရင် ကိုယ့်လယ်မှာပဲ သုံးနှစ်လောက် မျိုးသန့်အောင်ထိန်းပြီး ပြန်လည်အသုံးပြု စိုက်ပျိုးနိုင်တဲ့အတွက် မျိုးစေ့ဖိုး အပိုငွေမသုံးရဘဲ မျိုးကလည်း ကိုယ်ကိုယ်တိုင်လုပ်ထားတဲ့အတွက် စိတ်ချရတဲ့ မျိုးကောင်းမျိုးသန့် မျိုးစေ့ ရရှိနိုင်မှာ ဖြစ်ပါတယ်။

ဒီလိုစဉ်းစားကြည့်ကြပါစို့။ လယ်ငါးဧကရှိတဲ့ တောင်သူတစ်ယောက်က စပါးမျိုးကောင်းမျိုးသန့် မျိုးစေ့တွေကို ဒသမ ၁၀ (၀ ဒသမ ၁၀)ဧကစာပဲ ဝယ်ယူစိုက်ပျိုးပြီး အဲဒီ ၀ ဒသမ ၁၀ ဧကကို မျိုးသန့်အောင်ထိန်း၊ နောက်ရာသီမှာ ကိုယ့်လယ်ငါးဧကအတွက် အသုံးပြုလိုက်၊ နောက်နှစ်ရာသီ၊ သုံးရာသီလောက် မျိုးသန့်အောင်လုပ်ပြီး ဆက်သုံးနိုင်မယ်ဆိုရင် မျိုးစေ့ဖိုးအတွက် ကုန်ကျစရိတ် များစွာသက်သာသွားမှာဖြစ်သလို မျိုးကောင်းမျိုးသန့် မျိုးစေ့ကို အသုံးပြုစိုက်ပျိုးရတဲ့အတွက် အထွက်ကောင်း၊ အရည်အသွေးကောင်း၊ ပိုးမွှားရောဂါဒဏ်ခံနိုင်ပြီး ဈေးကောင်းလည်းရမယ့် ထွက်ကုန်တွေကို ထုတ်လုပ်နိုင်မှာဖြစ်ပါကြောင်း မျိုးကောင်းမျိုးသန့် မျိုးစေ့သုံးစွဲနိုင်မယ့် ကွန်ချက်လေးအဖြစ် တင်ပြလိုက်ပါတယ်။ အပေါ်မှာ ပြောပြထားတာတွေထက် ထပ်ပြီး အသေးစိတ် သိချင်သေးရင်တော့ ပြောပြပေးပါမယ်၊ ထပ်ရှင်းပြမှ ပိုရှုပ်သွားမှာလည်း စိုးပါတယ်။

မျိုးကောင်းအသစ်တစ်မျိုး ရဖို့ဆိုရင် သီးနှံပေါ်မူတည်ပြီး ၁၀ နှစ်ကြာမလား၊ ၁၅ နှစ် ကြာမလား မပြောနိုင်ပါဘူး။ သားဆက်တစ်ခုရဖို့အတွက် အရင်ဦးဆုံး မိဘတွေလိုတာပေါ့၊ မိဘပင်တွေမှာ ကျွန်တော်တို့လိုချင်တဲ့ လက္ခဏာတွေ ဥပမာ-အထွက်ကောင်းတာ၊ အရည်အသွေးကောင်းတာ၊ ပိုးမွှားရောဂါဒဏ်ခံနိုင်တာ၊ ရာသီဥတုဒဏ်ခံနိုင်တာ၊ ရေငတ်ခံနိုင်တာ၊ ဆားငန်ဒဏ်ခံနိုင်တာ၊ အရပ်ပုတာ၊ အရပ်ရှည်တာ စသည်ဖြင့် ပါအောင် အရင်ဆုံး စုဆောင်းလို့ ရသမျှ မျိုးတွေကို စိုက်ကြည့်ရတာက စရပါမယ်။ ပြီးမှ ကိုယ်လိုချင်တဲ့ လက္ခဏာပါတဲ့ မျိုးလိုင်းတွေကို ရွေးချယ်ရမယ်။ ပြီးမှ မျိုးစပ်ရမယ်။ မျိုးစပ်ပြီး ရလာတဲ့ မျိုးလိုင်းအသစ်တွေကို ပြန်စမ်းသပ်စိုက်ကြည့်ရမယ်။ ကိုယ်လိုချင်တဲ့လက္ခဏာတွေ မပါရင် အစကပြန်လုပ်ရမယ်။ တစ်ခါလုပ်ရင် အနည်းဆုံး သီးနှံတစ်ရာသီဆိုတော့ စဉ်းစားသာကြည့်ဗျို့၊ ဘယ်လောက်ကြာမလဲဆိုတာ။ ဒါကြောင့်များသောအားဖြင့် မျိုးစပ်ပညာရှင်တွေဟာ မျိုး နှစ်မျိုး၊ သုံးမျိုး ရဖို့အတွက် သူတို့တစ်ဘဝလုံးရဲ့ အချိန်အများစုကို စတေးရတာပေါ့။ မျိုးကောင်းတစ်မျိုးရဲ့တန်ဖိုးကို သိစေချင်လို့ တင်ပြတာပါ။

ပြီးတော့ အားလုံးသိကြတဲ့အတိုင်း မျိုးစေ့မှာ စပ်မျိုးနဲ့ သဘာဝဝတ်မှုန်ကူးမျိုးဆိုပြီး ယေဘုယျအားဖြင့် နှစ်မျိုးရှိပါတယ်။ သဘာဝဝတ်မှုန်ကူးမျိုးဆိုတာကတော့ အကြမ်းအားဖြင့် ကိုယ့်မျိုးကိုယ် ပြန်ထားလို့ရတဲ့ မျိုးတွေကို ဆိုလိုတာပါ၊ ကျွန်တော်တို့နိုင်ငံက စပါးမျိုးအများစုဟာ အဲဒီလိုမျိုးတွေ ဖြစ်ပါတယ်။ ကျွန်တော်အပေါ်မှာတင်ပြခဲ့တဲ့ ကိုယ့်လယ်မှာ ကိုယ့်မျိုးသန့်ထိန်းတာက ဒီလို သဘာဝ ဝတ်မှုန်ကူးမျိုးတွေကိုပဲ လုပ်လို့ရမှာဖြစ်ပါတယ်။ စပ်မျိုးတွေမှာတော့ ကိုယ့်မျိုးကိုယ်ထား၊ ကိုယ့်လယ်မှာ ကိုယ့်မျိုးသန့်ထိန်းလို့မရဘူးဆိုတာကိုတော့ သေချာသိထားဖို့လိုပါတယ်။

### ဒုတိယသားဆက်တွေကို စိုက်ပျိုးရင် ကြီးမားတဲ့ဆုံးရှုံးမှုတွေ ကြုံတွေ့ရမှာဖြစ်

စပ်မျိုးတွေကို စိုက်ပျိုးပြီး ရရှိလာတဲ့ မျိုးစေ့ (ဒုတိယသားဆက်) တွေကို ပြန်လည်စိုက်ပျိုးမယ်ဆိုရင် အပင်များညီညာမှုမရှိခြင်း၊ အသီးအရွယ်များ မညီညာခြင်း၊ ပိုးမွှားရောဂါဒဏ်ခံနိုင်စွမ်းနည်းပါးလာခြင်းနဲ့ နောက်ဆုံးအထွက်နှုန်းရော အရည်အသွေးပါ လျော့နည်းကျဆင်းခြင်းတို့ကို ကြုံတွေ့ရမှာ ဖြစ်ပါတယ်။ တောင်သူတွေအနေနဲ့ ဒီလို ဒုတိယသားဆက်တွေကို စိုက်ပျိုးမယ်ဆိုရင် ကြီးမားတဲ့ ဆုံးရှုံးမှုတွေကို ကြုံတွေ့ရမှာဖြစ်ကြောင်း လေးလေးနက်နက် အသိပေးချင်ပါတယ်။

ဒါကတစ်ပိုင်းပေါ့။ နောက်တစ်ပိုင်းက သဘာဝဝတ်မှုန်ကူးမျိုးတွေကို ကိုယ့်မျိုးကိုယ် မျိုးသန့်အဖြစ်ထိန်းသိမ်းမယ်ဆိုရင်လည်း သတိထားသင့်တဲ့ အချက်လေးတွေရှိပါသေးတယ်။ ဥပမာ - စပါးမျိုး နှစ်မျိုး စိုက်ပျိုးထုတ်လုပ်တဲ့ တောင်သူတွေအနေနဲ့ အခြောက်လှန်းချိန်မှာ မိုးကာ တစ်ချပ်တည်းကို သုံးမယ်ဆိုရင် တစ်မျိုးလှန်းပြီး နောက်တစ်မျိုးလှန်းချိန်မှာ မိုးကာကို သေသေချာချာ သန့်ရှင်းပြီးမှ အသုံးပြုဖို့ လိုအပ်ပါတယ်။ ဒီလိုပဲ ဆန်ကောဆန်ကာတွေကိုလည်း တစ်မျိုးပြီးရင် နောက်တစ်မျိုးမသုံးခင် သေချာစွာ သန့်ရှင်းဖို့လိုပါတယ်။ မျိုးရောနိုင်ပြီး မျိုးသန့်စင်ဖို့အတွက် အန္တရာယ်အကြီးဆုံး လုပ်ငန်းအဆင့်တွေဖြစ်ပါတယ်။ ရိတ်သိမ်းချိန်မှာလည်း ရိတ်သိမ်းခြွေလှေ့စက်တစ်စီးပဲ သုံးမယ်ဆိုရင် သေချာပြောင်စင်အောင် သန့်ရှင်းဖို့ လိုမှာဖြစ်ပါတယ်။

စီးပွားဖြစ် မျိုးစေ့ထုတ်လုပ်နေကြတဲ့ တောင်သူကြီးတွေ၊ မျိုးစေ့ထုတ်သမအသင်းတွေ၊ ပုဂ္ဂလိက မျိုးစေ့ထုတ်လုပ်ငန်းတွေအနေနဲ့ကတော့ မျိုးသန့်ထုတ်လုပ်တဲ့

*စာမျက်နှာ ၁၁ သို့*



**သီးနှံစိုက်ပျိုးထုတ်လုပ်သူ တောင်သူတွေအနေနဲ့လည်း မျိုးကောင်းမျိုးသန့် မျိုးစေ့သုံးစွဲခြင်းရဲ့ အကျိုးကျေးဇူးများကို တစ်စတစ်စ သိရှိလာတာနဲ့အမျှ ပြည်တွင်း မျိုးကောင်းမျိုးသန့်မျိုးစေ့ သုံးစွဲလာနိုင်မယ့် အခွင့်အလမ်းနဲ့ ကြီးမားတဲ့ ဈေးကွက်ရှိလာနိုင်တာကြောင့် မျိုးစေ့စီးပွားရေးမှာ အခုထက်ပိုပြီး ရင်းနှီးမြှုပ်နှံကြဖို့ကိုလည်း အကြံပြုတိုက်တွန်းလို**

## ဖြူးမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ပန်းရံသင်တန်းဖွင့်



**ဖြူး နိုဝင်ဘာ ၈**

ဖြူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ပန်းရံသင်တန်းဖွင့်ပွဲကို နိုဝင်ဘာ ၆ ရက်က အဆိုပါ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲ အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအေးကိုတင့်က သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မျိုးအောင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်း အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက သင်တန်းသားများအား သင်တန်း အထောက်ကူပြု ပစ္စည်းများ ပေးအပ်ခဲ့သည်။

အဆိုပါ သင်တန်းတွင် သင်တန်းသား ၂၀ တက်ရောက်၍ ၁၅ ရက်ကြာ စာတွေ့ လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။

**နေမျိုးလွင်**
**(ပြန်/ဆက်)**



## မိုင်းပန်မြို့နယ်၌ စာဖတ်ဝိုင်းကျင်းပ

**မိုင်းပန် နိုဝင်ဘာ ၈**

မိုင်းပန်မြို့နယ် လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျောင်းသား ကျောင်းသူများနှင့် စာဖတ်ဝိုင်းကို ယမန်နေ့က ကျင်းပသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ဦးစီးမှူး ဒေါ်နန်းမျိုးဆောင်းကျော်က ကျောင်းသား ကျောင်းသူများ စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်နှင့် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန် ရည်ရွယ်၍ စာဖတ်ဝိုင်းကျင်းပရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး စာရေးဆရာ ကလောင်စုံရေးသားထားသော တာဝန်သိစိတ် တာဝန်ယူစိတ် စာအုပ်ပါ တာဝန်ယူခြင်း၏ အလှတရား၊ ဘော်လီဘောနှင့်ကျောပိုးအိတ်၊ တာဝန်ရှိမှု တာဝန်ယူမှု စသည့် အကြောင်းအရာများ ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကော့မှူး၌ သွားနှင့်ခံတွင်းဆိုင်ရာ အသိပညာပေးဟောပြော

**ကော့မှူး နိုဝင်ဘာ ၈**

ကော့မှူးမြို့နယ်၌ သွားနှင့် ခံတွင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အခြေခံမူလတန်းလွန်ကျောင်း မူလွန်(ပြည်တော်သာ)နှင့် အမက(မြို့သစ်)ကျောင်းများ၌ ကျင်းပသည်။

ထိုသို့အသိပညာပေးရာတွင် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဒေါက်တာ ကွန်စတန်ဦးဆောင်၍ အနောက်ပိုင်းဆေးရုံနှင့် သာကေတအထူးကုဆေးရုံများမှ သွားနှင့် ခံတွင်းဆရာဝန်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက သန်ကောင်တုတ်ကောင်ရောဂါအကြောင်း သိကောင်းစရာများ၊ သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်နိုင်ရန်နည်းလမ်းများ၊ စနစ်တကျသွားတိုက်နည်း၊ သွားနှင့်ခံတွင်းဆိုင်ရာ ရောဂါအကြောင်းအရာများအား အသိပညာပေးဟောပြောပြီး ကျောင်းသား ကျောင်းသူ ၃၇၂ ဦးအား စနစ်မှန်သွားတိုက်နည်းများကို လက်တွေ့သင်ကြားပြသခဲ့ကြောင်း သိရသည်။



**ကျော်သူရ(ကော့မှူး)**



## ကရသူရီမြို့၌ စာဖတ်ဝိုင်း ကျင်းပ

**ကရသူရီ နိုဝင်ဘာ ၈**

ကရသူရီမြို့ အခြေခံပညာအထက်တန်းကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းကို နိုဝင်ဘာ ၇ ရက်က ပြုလုပ်ရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်သံကျွမ်းကျင်-၃ က စာပေဖတ်ရှုပုံ၊ ဖတ်ရှုနည်းများ၊ မိမိစိတ်ဝင်စားရာ စာအုပ်၊ စာပေများရွေးချယ်ဖတ်ရှုမှု စသည့် စာပေဗဟုသုတများကို ဟောပြောပြီး တစ်ဦးချင်းအလိုက်ဖတ်ရှုခြင်း၊ စုပေါင်းဖတ်ရှုခြင်းတို့ဖြင့် ဖတ်ရှုခဲ့ကြသည်။

**ကရသူရီ(ပြန်/ဆက်)**

## တွံတေးမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

**တွံတေး နိုဝင်ဘာ ၈**

တွံတေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြောပွဲ၊ စာအုပ်စာစောင် ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲတို့ကို နိုဝင်ဘာ ၆ ရက်က အမက(ကွမ်းခြံ)ကျောင်း၌ ပြုလုပ်သည်။

အဆိုပါ ဟောပြောပွဲတွင် အမက(ကွမ်းခြံ) ကျောင်းအုပ်ဆရာမကြီး ဒေါ်မော်လွင်အေးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး



ဒေါ်ဖြူဖြူဝင်းက ယနေ့လူငယ်နှင့် ရသစာပေခေါင်းစဉ်ဖြင့် ဟောပြောရာတွင် ကျောင်းသား ကျောင်းသူများအနေဖြင့် ကျောင်းမှ သင်ကြားပေးသော ပညာရပ်များအပြင် အခြားသော အထွေထွေဗဟုသုတအတွက် စာပေဖတ်ရှုရန် လိုအပ်ကြောင်း၊ စာအုပ်စာပေကသာ ကျောင်းသား ကျောင်းသူများ၏ ဘဝကို ပြောင်းလဲပေးနိုင်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

**မျိုးလှိုင်(တွံတေး)**

## တောင်ငူမြို့၌ လူငယ်စကားဝိုင်းကျင်းပ

**တောင်ငူ နိုဝင်ဘာ ၈**

တောင်ငူမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်



အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ လူငယ်စကားဝိုင်းကို နိုဝင်ဘာ ၆ ရက်က အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ တောင်ငူမြို့ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးစောဝင်းနိုင်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမိုးက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ လက်ထောက်ညွှန်ကြားရေးမှူးက စေ့စပ်ညှိနှိုင်းသူအဖြစ် ဆောင်ရွက်ပြီး ကျောင်းသူလေးဦးက လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့် စာဖတ်ခြင်း၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့် မူးယစ်ဆေးဝါး ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

**ခရိုင်(ပြန်/ဆက်)**



လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဆိပ်ကြီးခနောင်တိုမြို့နယ် ဦးစီးမှူးရုံးဝန်ထမ်းများက နိုဝင်ဘာ ၇ ရက်တွင် ခနောင်တိုအရှေ့ရပ်ကွက်နှင့် ခနောင်တိုအနောက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများ၌ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးစဉ်။ ဝေယံ(ပြန်/ဆက်)

*စာမျက်နှာ ၁၀ မှ*

စိုက်ခင်းတွေမှာ မျိုးရောတွေကို ပယ်နိုင်ဖို့ အဓိက အရေးကြီးပါတယ်။ ဒီလိုမျိုး စီးပွားဖြစ်မျိုးစေ့ ထုတ်လုပ်နေကြတဲ့သူတွေရော၊ ကိုယ့်မျိုးကိုယ် မျိုးသန့်ထိန်းသိမ်းတဲ့သူတွေရော ကျန်တဲ့ လုပ်ငန်းတွေမှာ လွယ်ကူနိုင်ပေမယ့် စိုက်ခင်းအတွင်း မျိုးရောပယ်တဲ့ လုပ်ငန်းကိုဆောင်ရွက်ဖို့ အခက်အခဲရှိခဲ့ရင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ နီးစပ်ရာဌာနပိုင် မျိုးသန့်ခြံများ၊ မျိုးစေ့ရုံးများနဲ့လည်းကောင်း၊ စိုက်ခင်းမှ ထွက်ရှိလာတဲ့မျိုးစေ့များ စံချိန်စံညွှန်း ပြည့်မီမှုရှိ/မရှိ စစ်ဆေးဖို့အတွက် မျိုးစေ့စစ်ဆေးရေးဓာတ်ခွဲခန်းများနဲ့လည်းကောင်း ဆက်သွယ်ပေါင်းစပ်ဆောင်ရွက်နိုင်ပါကြောင်းကိုလည်း ဌာနမှ တာဝန်ရှိသူများနဲ့ တွေ့ဆုံဆွေးနွေးမှုအရ သိရှိရပါတယ်။

မျိုးစေ့ဌာနမှ တာဝန်ရှိသူတွေနဲ့ ဆွေးနွေးမှုအရ စီးပွားဖြစ် မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူး ရောင်းချနေကြတဲ့ ပုဂ္ဂလိကနဲ့ အဖွဲ့အစည်းများအနေနဲ့ နိုင်ငံတော်က ပြည်တွင်းမျိုးစေ့ထုတ်လုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်ရေးကို အထူးအားပေးဆောင်ရွက်နေတဲ့ ကာလဖြစ်ပါတယ်။ သီးနှံစိုက်ပျိုးထုတ်လုပ်သူ တောင်သူတွေအနေနဲ့လည်း မျိုးကောင်းမျိုးသန့် မျိုးစေ့သုံးစွဲခြင်းရဲ့ အကျိုးကျေးဇူးများကို တစ်စတစ်စ သိရှိလာတာနဲ့အမျှ ပြည်တွင်း မျိုးကောင်းမျိုးသန့်မျိုးစေ့ သုံးစွဲလာနိုင်မယ့် အခွင့်အလမ်းနဲ့ ကြီးမားတဲ့ ဈေးကွက်ရှိလာနိုင်တာကြောင့် မျိုးစေ့စီးပွားရေးမှာ အခုထက်ပိုပြီး ရင်းနှီးမြှုပ်နှံကြဖို့ကိုလည်း အကြံပြု တိုက်တွန်းလိုပါတယ်။

ဒါ့အပြင် ပြည်တွင်းမှာ နည်းမှန်လမ်းမှန်နဲ့ စီးပွားဖြစ် မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးရောင်းချနေကြတဲ့ ပုဂ္ဂလိက၊ အဖွဲ့အစည်းများနဲ့ သုံးစွဲသူ တောင်သူများကို ကာကွယ်ပေးနိုင်ဖို့နဲ့ စံချိန်စံညွှန်း မပြည့်မီတဲ့ မျိုးစေ့တွေကို ဖြန့်ဖြူးရောင်းချနေသူတွေ၊ မသမာတဲ့နည်းနဲ့ အတုအပတွေကို ရောင်းချနေသူတွေကို အရေးယူနိုင်ဖို့ကိုလည်း မျိုးစေ့ဥပဒေပါ ပြဋ္ဌာန်းချက်များနဲ့အညီ စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရတဲ့အတွက် ပြည်တွင်းမျိုးစေ့ ထုတ်လုပ်ငန်း ဆောင်ရွက်နေကြသူတွေအတွက် ပိုပြီး စိတ်ချလုံခြုံတဲ့ စီးပွားရေးရပ်ဝန်းတစ်ခု ဖြစ်လာဖို့ ရှိနေကြောင်းကိုလည်း အသိပေးလိုပါတယ်။

ဒီဆောင်းပါးလေးမှာတော့ တောင်သူတွေအနေနဲ့ မျိုးကောင်းမျိုးသန့်မျိုးစေ့ကို အဓိကလွယ်ကူစွာ ရရှိစေပြီး ကုန်ကျစရိတ်လည်း နည်းပါးစေတဲ့ မျိုးစေ့အတွက် ကွန်ချက်လေးကို မျှဝေပေးချင်တာဖြစ်ပြီး တောင်သူတစ်ဦးတစ်ယောက်အတွက် အကျိုးရှိသွားမယ်ဆိုရင်ကို များစွာ ကျေနပ်အားရမိမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူးများနှင့် Virtual စနစ်ဖြင့်တွေ့ဆုံ

## လူနာများ အရေးပေါ်လူနာဌာနသို့ ရောက်ရှိချိန်မှစတင်ကာ ပြည်သူများ စိတ်ချမ်းသာကိုယ်ကျန်းမာစွာဖြင့် ဆေးကုသမှုရရှိနိုင်ရေး မှာကြား

**နေပြည်တော် နိုဝင်ဘာ ၈**

ပြည်သူ့ဆေးရုံများ သန့်ရှင်းသာယာ ကောင်းမွန်စေရေး ပြင်ဆင်မွမ်းမံမည့် ကိစ္စရပ်များဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ Virtual Meeting ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏာစိုး၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာလှ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ဆေးရုံတိုင်းတွင် ဆရာဝန်ရှိစေရေးအတွက် တိုက်နယ်ဆေးရုံများအထိ ဆရာဝန်များ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နိုင်ငံတော်အကြီးအကဲက ပညာရေး၊ ကျန်းမာရေးကဏ္ဍကို အထူးအလေးပေးဆောင်ရွက်လျက်ရှိပြီး ပြည်သူ့ဆေးရုံများ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက် အထူးရန်ပုံငွေများချထားပေးရာ တာဝန်ရှိသူများအနေဖြင့် ပြည်သူများ အားကိုးအားထားရာ ဆေးရုံများဖြစ်လာစေရန် ဆေးရုံဥပဓိရုပ်လှပရေး၊ သပ်ရပ်သန့်ရှင်းစေရေး၊ ရေမီးမိလ္လာစနစ်များ ကောင်းမွန်စေရေး အလေးထားဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ အသုံးပြုခွင့် ပေးထားသော ရန်ပုံငွေများကို စနစ်တကျ အလေအလွင့်မရှိစေဘဲ ဆောင်ရွက်သွားရန်လိုကြောင်း၊ သက်ဆိုင်ရာပြည်နယ်/တိုင်းအစိုးရအဖွဲ့များနှင့်လည်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဝန်ထမ်းအိမ်ရာ လိုအပ်ချက်၊ ဆေးနှင့်ဆေးပစ္စည်း လိုအပ်ချက်များကို ဖြည့်ဆည်းကာ ပြည်သူများ အားကိုးယုံကြည်ရသည့် ပြည်သူ့ဆေးရုံများ ဖြစ်စေရေးအတွက် လူနာများ အရေးပေါ်လူနာဌာနသို့ ရောက်ရှိချိန်မှစတင်ကာ ပြည်သူများ စိတ်ချမ်းသာကိုယ်ကျန်းမာစွာဖြင့် ဆေးကုသမှုရရှိနိုင်ရေးတို့ကို မှာကြားသည်။




ဆက်လက်၍ ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်းက ဆေးရုံများတွင် အရေးပေါ်နှင့် ပြင်ပလူနာကောင်းမွန်စေရေးအတွက် လိုအပ်သော ပြင်ထိန်းလုပ်ငန်းများကို သေချာစွာကြီးကြပ်ဆောင်ရွက်ရန် မှာကြားပြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏာစိုးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာလှတို့က လုပ်ငန်းများလျင်မြန်ချောမွေ့စွာဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးမှူးများ၏ တင်ပြချက်များနှင့် လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပသည့် (၄၃)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၈**

(၄၃)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ညီလာခံ ($43^{rd}$ ASEANAPOL Conference) ကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Grand Hyatt Erawan ဟိုတယ်၌ နိုဝင်ဘာ ၃ ရက်မှ ၇ ရက်အထိ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။




နိုဝင်ဘာ ၄ ရက် နံနက်ပိုင်းတွင် ပြုလုပ်သည့် ညီလာခံဖွင့်ပွဲအခမ်းအနား၌ ထိုင်းနိုင်ငံ တော်ဝင်ရဲတပ်ဖွဲ့ ရဲချုပ် ရဲဗိုလ်ချုပ်ကြီး Kittharath Punpetch က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး ထိုင်းနိုင်ငံဝန်ကြီးချုပ် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Anutin Charnvirakul က အဖွင့်မိန့်ခွန်းပြောကြားသည်။

ညီလာခံသို့ အာဆီယံ ရဲအဖွဲ့ဝင် ၁၀ နိုင်ငံမှ ရဲချုပ်များ၊ ဒုတိယရဲချုပ်များနှင့် အဆင့်မြင့်ရဲအရာရှိကြီးများ၊ အာဆီယံရဲအဖွဲ့ အတွင်းရေးမှူးရုံးမှ အလုပ်အမှုဆောင်ညွှန်ကြားရေးမှူးနှင့် အရာရှိများ၊ ဆွေးနွေးဖက်များ ဖြစ်ကြသော ဩစတြေးလျနိုင်ငံ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၊ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားနိုင်ငံ၊ နယူးဇီလန်နိုင်ငံ၊ ရုရှားနိုင်ငံ၊ တူကီယဲနိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့ (INTERPOL)၊ အမေရိကန်အမျိုးသား ထောက်လှမ်းရေးဗျူရို (Federal Bureau of Investigation–FBI) နှင့် လေ့လာဖက်များဖြစ်ကြသော ကနေဒါနိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ ရဲချုပ်များအသင်း (International Association of Chiefs of Police–IACP)၊ ပြင်သစ်နိုင်ငံ၊ ဖီဂျီနိုင်ငံ၊ တီမောလက်စ်တေနိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (International Committee of the Red Cross–ICRC)၊ အီတလီနိုင်ငံ အာရပ်စော်ဘွားများ ပြည်ထောင်စု (UAE)၊ ပင်လယ်ကွေ့နိုင်ငံ ရဲတပ်ဖွဲ့များ ပူးပေါင်းဆောင်ရွက်ရေးကောင်စီ (Gulf Cooperation Council Police–GCCPOL) တို့မှ ပြည်ထဲရေးဝန်ကြီး၊ ရဲချုပ်များ၊ ဒုတိယ ရဲချုပ်များ၊ အကြီးတန်းရဲအရာရှိကြီးများနှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ညီလာခံ ဖွင့်ပွဲအပြီးတွင် ကော်မရှင် အေ၊ ဘီ၊ စီ အစည်းအဝေးများကို သီးခြားစီကျင်းပကြပြီး အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ သက်ဆိုင်ရာအဆင့်မြင့် ရဲအရာရှိကြီးများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။ အစည်းအဝေးများ၌ မူးယစ်ဆေးဝါးကုန်ကူးမှု၊ အကြမ်းဖက်မှု၊ လက်နက်မှောင်ခိုမှု၊ လူကုန်ကူးမှု၊ တောရိုင်းတိရစ္ဆာန်မှုခင်း၊ ငွေကြေးဆိုင်ရာမှုခင်း၊ ဆိုက်ဘာမှုခင်း၊ ပင်လယ်ရေကြောင်းဆိုင်ရာမှုခင်းစသည့်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအပြင် အာဆီယံရဲအဖွဲ့ အီလက်ထရောနစ် သတင်းအချက်အလက်စနစ် (Electronic ASEANAPOL Database System–e–ADS) အသုံးပြုမှုမြှင့်တင်ရေး၊ ပြစ်မှုဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ အပြန်အလှန် အကူအညီပေးရေး (Mutual Assistance in Criminal Matters)၊ အာဆီယံ ရဲအဖွဲ့ဝင်နိုင်ငံများအကြား သင်တန်းသားများ အပြန်အလှန်စေလွှတ်ရေးနှင့် အာဆီယံ ရဲအဖွဲ့၏ မှုခင်းဆေးသိပ္ပံကွန်ရက် (ASEAN Police Forensic Science Network–APFSN) အသုံးပြုမှုမြှင့်တင်ရေးစသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နှင့် လေ့လာဖက်နိုင်ငံ/ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များ တက်ရောက်သည့် ပထမအကြိမ်စုံညီ အစည်းအဝေးကို ကျင်းပရာ အစည်းအဝေး၌ (၄၂) ကြိမ်မြောက် အာဆီယံ ရဲအဖွဲ့ညီလာခံဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ရဲချုပ်က အဖွင့်အမှာစကား ပြောကြားပြီး (၄၂)ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ညီလာခံ ပူးတွဲကြေညာချက် ($42^{nd}$ Joint Communique–$42^{nd}$ JC) အပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေ အစီရင်ခံစာ အကျဉ်းချုပ်ကို ဖတ်ကြားသည်။ ယင်းနောက် အာဆီယံရဲအဖွဲ့ ညီလာခံဥက္ကဋ္ဌတာဝန်အား ထိုင်းနိုင်ငံ တော်ဝင်ရဲတပ်ဖွဲ့၊ ရဲချုပ်ထံသို့ အစီရင်ခံစာ အကျဉ်းချုပ်နှင့်အတူ လွှဲပြောင်းပေးအပ်ခဲ့သည်။

ဆက်လက်၍ (၁၄) ကြိမ်မြောက် အလုပ်အမှုဆောင်ကော်မတီ အစည်းအဝေး၌ ဆွေးနွေးခဲ့သည့် အချက်များကို ထပ်မံဆွေးနွေးအတည်ပြုသည့် အာဆီယံ ရဲအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးမှုကိုပြုလုပ်သည်။ ယင်းနောက် အာဆီယံ ရဲအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့် ဆွေးနွေးဖက်နိုင်ငံ/ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များ တွေ့ဆုံဆွေးနွေးမှုကိုပြုလုပ်ခဲ့ပြီး အဆိုပါအစည်းအဝေး၌ အာဆီယံရဲအဖွဲ့ဝင်နိုင်ငံများမှ ရဲတပ်ဖွဲ့ဝင်များ၏ စွမ်းရည်မြှင့်တင်ရေးနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရာတွင် ပူးပေါင်း ဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ကော်မရှင် အေ၊ ဘီ၊ စီ အစည်းအဝေးများကို ဆက်လက်ကျင်းပသည်။ မွန်းလွဲပိုင်းတွင် အာဆီယံ ရဲအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များနှင့် အာဆီယံရဲအဖွဲ့အတွင်းရေးမှူးရုံးမှ အလုပ်အမှုဆောင်ညွှန်ကြားရေးမှူးတို့က ထိုင်းနိုင်ငံဝန်ကြီးချုပ်ထံ သွားရောက်တွေ့ဆုံဂါရဝပြုခဲ့ကြသည်။

နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းတွင် ဒုတိယအကြိမ် စုံညီအစည်းအဝေးကို ကျင်းပပြုလုပ်ခဲ့ပြီး အဆိုပါ အစည်းအဝေး၌ ကော်မရှင် အေ၊ ဘီ၊ စီ အစည်းအဝေးများမှ ရလဒ်များနှင့် (၄၃) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ညီလာခံ ပူးတွဲကြေညာချက်တွင် ထည့်သွင်းမည့် အချက်များကို သက်ဆိုင်ရာ အစည်းအဝေး သဘာပတိများက ရှင်းလင်းဖတ်ကြား တင်ပြခဲ့ကြသည်။ မွန်းလွဲပိုင်းတွင် ညီလာခံပိတ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ပြီး (၄၃) ကြိမ်မြောက် အာဆီယံရဲအဖွဲ့ ညီလာခံပူးတွဲကြေညာချက် ($43^{rd}$ Joint Communique– $43^{rd}$ JC) ကို အာဆီယံရဲအဖွဲ့ဝင် ၁၀ နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များက လက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါ $43^{rd}$ JC ၏ နောက်ဆက်တွဲအဖြစ် ပူးတွဲဖော်ပြမည့် အွန်လိုင်းအသုံးပြု လိမ်လည်မှု ကျူးလွန်နေသော အဖွဲ့အစည်းများအား နှိမ်နင်းတိုက်ဖျက်ရေးဆိုင်ရာ ပူးတွဲကြေညာချက် (Bangkok Joint Declaration on eliminating scam centres linked to trafficking in persons for forced criminality) ကိုလည်း အတည်ပြုခဲ့ကြသည်။

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး ဝင်းဇော်မိုး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၇ ရက် ညနေပိုင်းတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ ရန်ကုန်မြို့သို့ လေကြောင်းခရီးစဉ်ဖြင့် ပြန်လည်ရောက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၉)ရပ်ကွက် Eastern Yangon Eventpark ၌ကျင်းပသည့် Overflow Music Festival ဖျော်ဖြေပွဲတွင် အများပြည်သူအား စိုးရိမ်ထိတ်လန့်မှုဖြစ်ပေါ်စေပြီး ညစ်ညမ်းသော စကားများပြောဆိုကာ သီဆိုကခုန်ဖျော်ဖြေခဲ့ကြသူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူ

နေပြည်တော် နိုဝင်ဘာ ၈

**၂၀၂၅ ခုနှစ် နိုဝင်ဘာ ၂ ရက် ညပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၉)ရပ်ကွက် ပေါ်ဆန်းမွှေးလမ်းရှိ Eastern Yangon Eventpark ၌ ကျင်းပပြုလုပ်သည့် Overflow Music Festival ဖျော်ဖြေပွဲတွင် အဆိုတော် Wink (ခ) ရဲဝင့်အောင် (ခ) ဗလနှင့် Bkho Bain (ခ) သိန်းမင်းထက်တို့ ဦးဆောင်သည့်အဖွဲ့မှ အများပြည်သူအား စိုးရိမ်ထိတ်လန့်မှုဖြစ်ပေါ်စေပြီး ညစ်ညမ်းသောစကားများပြောဆိုကာ သီဆိုကခုန်ဖျော်ဖြေခဲ့ကြသဖြင့် အရေးယူဆောင်ရွက်နိုင်ရေး စုံစမ်းဖော်ထုတ်ခဲ့သည်။**

အဆိုပါ ဖျော်ဖြေပွဲဖြစ်မြောက်ရေး စီစဉ်ဆောင်ရွက်ခဲ့ကြသူများဖြစ်ကြသည့် စမ်းချောင်းမြို့နယ် မုန့်လုပ်ဆောင်းကုန်း (တောင်) ရပ်ကွက်နေ တင်ရတနာသိမ့် (၂၈) နှစ်၊ မရမ်းကုန်းမြို့နယ် စည်ပင်မီးသတ်ရုံး ဝန်ထမ်းအိမ်ရာနေ ဟန်လင်းထက် (၂၇)နှစ်နှင့် သဃ်္ဃန်းကျွန်းမြို့နယ်သုဝဏ္ဏ(၂၉)ရပ်ကွက်နေ အောင်ခန့်မော်(ခ) ဂျပန်ကြီး (၂၉)နှစ်တို့သည် သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၉)ရပ်ကွက် ပေါ်ဆန်းမွှေးလမ်းရှိ Eastern Yangon Eventpark ၌ Overflow Music Festival ဖျော်ဖြေပွဲအား နိုဝင်ဘာလ ၁ ရက်နှင့် ၂ ရက်တို့တွင် ဖျော်ဖြေပွဲပြုလုပ်နိုင်ရန် စီစဉ်ခဲ့ကြောင်း၊ အဆိုတော် Wink (ခ) ရဲဝင့်အောင် (ခ) ဗလ၊ Bkho Bain (ခ) သိန်းမင်းထက်တို့အား နိုဝင်ဘာ ၂ ရက် ညတွင် အခြားအဆိုတော်များနှင့်အတူ ဖျော်ဖြေပေးရန် ငှားရမ်းခဲ့ကြောင်း၊ နိုဝင်ဘာ ၂ ရက်ညတွင် အဆိုတော် Wink (ခ) ရဲဝင့်အောင် (ခ) ဗလနှင့် Bkho Bain (ခ) သိန်းမင်းထက်တို့နှစ်ဦးသည် "ရပါတယ်နှင့် 5.55566" သီချင်းအပါအဝင် သီချင်း ၁၂ ပုဒ်အား သီဆိုဖျော်ဖြေခဲ့ကြောင်း၊ "5.55566" သီချင်းကို ဖျော်ဖြေရာတွင် အများပြည်သူအား စိုးရိမ်ထိတ်လန့်မှု ဖြစ်ပေါ်စေပြီး ညစ်ညမ်းသောစကားများပြောဆိုကာ လာရောက်ကြည့်ရှုသည့် ပရိသတ်များအတွင်းသို့ "ကွန်ဒုံးများ" ဖြန့်ကြဲပြီးနောက် သီဆိုဖျော်ဖြေခဲ့ကြောင်း၊ ထိုသို့ဖျော်ဖြေနေစဉ် ၎င်းတို့နှစ်ဦးအပါအဝင် ၁၃ ဦးခန့်မှ စင်ပေါ်တက်ရောက်၍ ကခုန်ခြင်း၊ ဗွီဒီယိုရိုက်ကူးခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း ဖော်ထုတ်သိရှိရသည်။

ထိုသို့ ဖော်ထုတ်ချက်အရ အခင်းဖြစ်နေ့တွင် သီဆိုဖျော်ဖြေကခုန်ခြင်း၊ ဗွီဒီယိုရိုက်ကူးခြင်းများတွင် ပါဝင်ခဲ့ကြသူများအား ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်ခဲ့ရာ သီဆိုဖျော်ဖြေရာတွင် ပါဝင်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် မြို့သစ်(က)ရပ်ကွက်နေ It's Phyo (ခ) ဖြိုးသန့်အောင် (ခ) ကိုဖြိုး (၂၈)နှစ်အား နိုဝင်ဘာ ၅ ရက် ညနေ ၃ နာရီတွင် ရန်ကင်းမြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ "What's Up Café " ဆိုင်၌ ဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ ဖော်ထုတ်ချက်အရ စတိတ်စင်ပေါ်၌ သီဆိုကခုန်ခဲ့သည့် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက်နေ ပြည့်စုံထွန်း (ခ) စိုင်းမွမ်းဖ (၂၇)နှစ်အား ယင်းနေ့ ညနေ ၄ နာရီခွဲတွင် သုဝဏ္ဏနယ်မြေရဲစခန်းသို့ ချိတ်ဆက်ခေါ်ယူ၍ လည်းကောင်း။

မန္တလေး တိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်နေ သက်လှိုင်ဝင်း(ခ) ကိုသက် (၂၉)နှစ်၊ ချမ်းမြသာစည်မြို့နယ် နေကြသူများဖြစ်ကြသည့် အာကာဖြိုး (ခ) အာကြီး (၂၇)နှစ်၊ မင်းမော်ထွန်း(ခ) မော်ကြီး (၂၇)နှစ်၊ ဟိန်းလွင်ထွန်း (ခ) ဖိုးထန်း (၁၆)နှစ်၊ စိုင်းအောင်ခေး (၂၅)နှစ်တို့အား နိုဝင်ဘာ ၅ ရက် ည ၈ နာရီတွင် ၎င်းတို့၏ နေအိမ်များမှ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၆) ရပ်ကွက်နေ ဝေလင်းအောင် (၂၂) နှစ်အား ယင်းနေ့ည ၈ နာရီ ၁၅ မိနစ်တွင် သုဝဏ္ဏနယ်မြေရဲစခန်းသို့ ချိတ်ဆက်ခေါ်ယူ၍ လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက်နေသူများ ဖြစ်ကြသည့် အဆိုတော် Wink (ခ) ရဲဝင့်အောင် (ခ) ဗလ၊ ပြည့်ဖော်အောင်(ခ) Pause (၂၃)နှစ်နှင့် ထိုက်အောင်ကျော်မြတ်(ခ) ဖြိုးကြီး (၂၁)နှစ်တို့အား နိုဝင်ဘာ ၆ ရက် မွန်းလွဲ ၂ နာရီတွင် သုဝဏ္ဏနယ်မြေရဲစခန်းသို့ ချိတ်ဆက်ခေါ်ယူ၍ လည်းကောင်း။

ထို့အတူ ချမ်းအေးသာစံမြို့နယ် ပြည်ကြီးမျက်ရှင်ရပ်ကွက်နေ အဆိုတော် Bkho Bain (ခ) သိန်းမင်းထက် (၂၉)နှစ်နှင့် ရန်ကင်းမြို့နယ် အမှတ်(၆)ရပ်ကွက်နေ လင်းလင်းထွန်း (ခ) လင်းထွန်း (၂၃)နှစ်တို့သည် သုဝဏ္ဏနယ်မြေရဲစခန်းသို့ လာရောက်အဖမ်းခံသဖြင့် အသီးသီး အမှုဖြင့်ဖမ်းဆီးစစ်ဆေးခဲ့သည်။

ထိုသို့ အများပြည်သူအား စိုးရိမ်ထိတ်လန့်မှု ဖြစ်ပေါ်စေပြီး ညစ်ညမ်းသောစကားများ ပြောဆိုကာ "ကွန်ဒုံးများ" ဖြန့်ဝေပြီး သီဆိုကခုန်ခဲ့ကြသူများ ဖြစ်ကြသည့် အဆိုတော် Wink (ခ) ရဲဝင့်အောင် (ခ) ဗလနှင့် Bkho Bain (ခ) သိန်းမင်းထက်တို့ပါ အမျိုးသား ၁၃ ဦးနှင့် ပွဲစီစဉ်သူများဖြစ်ကြသည့် တင်ရတနာသိမ့်၊ ဟန်လင်းထက်နှင့် အောင်ခန့်မော်(ခ) ဂျပန်ကြီးတို့အား သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏနယ်မြေရဲစခန်း၌ (ပ) ၂၁၃/၂၀၂၅၊ ရာဇသတ်ကြီး ပုဒ်မ-၅၀၅-က/ ၂၉၄/ ၁၁၄ အရ အမှုရေးဖွင့် ထားရှိကြောင်းနှင့် ၎င်းတို့အား ဥပဒေနှင့်အညီ ထိရောက်စွာ အပြစ်ပေးအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




**သဃ်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၉)ရပ်ကွက် ပေါ်ဆန်းမွှေးလမ်းပေါ်ရှိ Eastern Yangon Eventpark ၌ ပြုလုပ်သည့် Overflow Music Festival ဖျော်ဖြေပွဲတွင် ညစ်ညမ်းစွာသီဆိုဖျော်ဖြေခဲ့ကြသည့် အဆိုတော် Wink ၊ Bkho bain နှင့် ပူးပေါင်းပါဝင်သူများအား ဖော်ထုတ်အရေးယူမှု။**

---

## အမရပူရမြို့နယ်၌ ၂၀၂၅-၂၀၂၆ တိုင်းဒေသကြီး (ငွေလုံးငွေရင်း)ရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ ကွင်းဆင်းစစ်ဆေး

**မန္တလေး နိုဝင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော ရေဘုတ်-တောယား-ဘောဘုံ-ကင်းဘတ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းအား ယမန်နေ့က ကွင်းဆင်းစစ်ဆေးသည်။



အဆိုပါ လမ်းပိုင်းကတ္တရာခင်းနေမှုကိုကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်) ဒုတိယညွှန်ကြားရေးမှူးချုပ် (တည်ဆောက်ရေး) ဒေါက်တာထွန်းမြင့်အောင်နှင့်မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်ဇေယျာဝင်းတို့က ကွင်းဆင်းစစ်ဆေးရာ အမရပူရမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဒေါ်နန်းခိုင်သဉ္ဇာက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယညွှန်ကြားရေးမှူးချုပ် (တည်ဆောက်ရေး) က လမ်းပိုင်းအတွက် လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။ **စိုးသီဟ(အမရပူရ)**

---

❖ *ကျောဖုံးမှ*

ဖွင့်ပွဲတွင် ရှမ်းပြည်နယ် ပြည်နယ်မန်နေဂျာ ဦးအောင်မျိုးထွန်းက ကျောက်မဲဒေသတွင် နယ်မြေဒေသအခြေအနေအရ ၂၀၂၄ ခုနှစ် ဇွန် ၂၅ ရက်မှစ၍ ကျောက်မဲ မြန်မာ့စီးပွားရေးဘဏ်ခွဲကို ယာယီပိတ်သိမ်းခဲ့ရကြောင်း၊ ယခုအခါ ကျောက်မဲမြို့ကို တပ်မတော်က ပြန်လည်ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ယနေ့မှစ၍ ဘဏ်ကို ပြန်လည်ဖွင့်လှစ်ပြီး နိုင်ငံတစ်ဝန်းငွေလွှဲခြင်းလုပ်ငန်း၊ စာရင်းရှင်စာရင်းဖွင့်သည့်လုပ်ငန်း၊ အငြိမ်းစားလစာထုတ်သည့်လုပ်ငန်း ၊ ငွေစုဆောင်းအပ်နှံခြင်းလုပ်ငန်း အစရှိသည့် ဘဏ်လုပ်ငန်းများကို ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်၊ ဒုတိယစစ်ဆင်ရေးကွပ်ကဲရေးမှူး၊ ကျောက်မဲခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကျောက်မဲမြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များပက်ဖျန်း၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက်တာဝန်ရှိသူများသည်ဘဏ်မှအငြိမ်းစားဝန်ထမ်းများအား ပင်စင်လစာထုတ်ပေးနေသည့်အခြေအနေများကို ကြည့်ရှု၍ သက်ကြီးရွယ်အို အငြိမ်းစားပင်စင်စား ဝန်ထမ်းများကို အားပေးစကားပြောကြားသည်။ **ခရိုင် (ပြန်/ဆက်)**

---

## မြန်မာ့ ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၈**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# ဖိလစ်ပိုင်နိုင်ငံ၌ တိုင်ဖွန်းမုန်တိုင်းဒဏ်ခံစားရသူများကိုကူညီရန် အေဒီဘီက အမေရိကန်ဒေါ်လာ သုံးသန်းအထိ ကူညီပေးမည်

မနီလာ နိုဝင်ဘာ ၈

**အာရှဖွံ့ဖြိုးတိုးတက်ရေးဘဏ် (အေဒီဘီ) သည် ဖိလစ်ပိုင်နိုင်ငံ၌ တိုင်ဖွန်းမုန်တိုင်းခန့်မေဂီကြောင့် ထိခိုက်ခံစားရသူများကို အရေးပေါ်ကူညီရန်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ပေးရန် အမေရိကန်ဒေါ်လာ သုံးသန်းအထိ ကူညီပေးသွားမည်ဟု ကတိပြုခဲ့သည်။**

ယခုသီတင်းပတ်အတွင်း ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းသို့ ဝင်ရောက်တိုက်ခတ်ခဲ့သည့် တိုင်ဖွန်းမုန်တိုင်း ခန့်မေဂီကြောင့် ၂၀၄ ဦး သေဆုံးကာ ၁၀၉ ဦး ပျောက်ဆုံးခဲ့သည်။

ဖိလစ်ပိုင်အစိုးရ အကူအညီတောင်းခံထားသည့်အတိုင်း အမေရိကန်ဒေါ်လာသုံးသန်းအထိ ထောက်ပံ့ငွေများပေးရန် အသင့်ပြင်ထားကြောင်း နိုဝင်ဘာ ၇ ရက် ထုတ်ပြန်သည့် ထုတ်ပြန်ချက်တွင် ပါဝင်သည်။

ဖိလစ်ပိုင်နိုင်ငံ၌ သဘာဝဘေးအန္တရာယ်များ ဆက်တိုက်ကြုံတွေ့ရမှုနှင့် လူ့အသက်များဆုံးရှုံးရမှုတို့အပေါ် နက်နက်ရှိုင်းရှိုင်း ဝမ်းနည်းကြောင်း အေဒီဘီဥက္ကဋ္ဌ မာဆာတိုကန်ဒါက ပြောသည်။ ဖိလစ်ပိုင်နိုင်ငံ၌ တိုင်ဖွန်းမုန်တိုင်း ခန့်မေဂီကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ပြီးနောက် အစိုးရသည် နိုဝင်ဘာ ၆ ရက်တွင် အမျိုးသားဘေးအန္တရာယ် အခြေအနေအဖြစ် ကြေညာခဲ့သည်။

ထိုစဉ် ဖိလစ်ပိုင်နိုင်ငံသည် အခြားသော အရှိန်ပြင်းသည့် မုန်တိုင်းသစ်တစ်ခုနှင့် ရင်ဆိုင်ရန် ပြင်ဆင်လျက်ရှိပြီး ဖန်ဝုန်းအမည်ရှိ မုန်တိုင်းမှာ ခန့်မှန်းချက်များအရ အဆင့် ၅ ဟာရီကိန်းမုန်တိုင်းအဖြစ် အားကောင်းလာကာ နိုဝင်ဘာ ၉ ရက်တွင် ကုန်းမြေသို့ ချဉ်းကပ်ဝင်ရောက်မည်ဟု ခန့်မှန်းထားသည်။

ဆင်ဟွာ



မုန်တိုင်းကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

# အိတ်ချ်အိုင်ဗွီ ကာကွယ်ထိုးဆေး ဇမ်ဘီယာနိုင်ငံက အတည်ပြု

**လူဆာကာ နိုဝင်ဘာ ၈**

ဇမ်ဘီယာနိုင်ငံသည် အိတ်ချ်အိုင်ဗွီ/ အေအိုင်ဒီအက်စ်ရောဂါကို ကာကွယ်ရန်အတွက် တာရှည်ခံထိုးဆေး (အေအာဗွီ) ဆေးဖြစ်သည့် Lenacapavir ကို အတည်ပြုခဲ့ပြီး အဆိုပါရောဂါတိုက်ဖျက်ရေးအစိုးရ၏ ကြိုးပမ်းအားထုတ်မှုမှတ်တိုင်ဟု ဖော်ပြခဲ့သည်။

**အိတ်ချ်အိုင်ဗွီ ခြိမ်းခြောက်မှုအဆုံးမသတ်**

အဆိုပါဆေးကို အတည်ပြုလိုက်ခြင်းသည် ဆန်းသစ်ပြီး ထိရောက်မှုရှိသည့် ကာကွယ်ရေးနည်းပညာများဖြင့် ၂၀၃၀ ပြည့်နှစ်တွင် အိတ်ချ်အိုင်ဗွီ၏ အများပြည်သူကျန်းမာရေး ခြိမ်းခြောက်နိုင်မှုကို အဆုံးသတ်နိုင်ရန် အစိုးရ၏လုပ်ဆောင်မှုပင်ဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီး အလိုက်ဂျ်မူချီမာက နိုဝင်ဘာ ၇ ရက်တွင် ပြောသည်။





**ဒုတိယမြောက် မှတ်ပုံတင်သည့်နိုင်ငံ**

Lenacapavir ကို ခြောက်လတစ်ကြိမ် ထိုးပေးရုံဖြင့် တူညီသော ကြာချိန်အတွက် အကာအကွယ်ပေးနိုင်သည်။ အဆိုပါဆေးကို မှတ်ပုံတင်သည့်နိုင်ငံမှာ အာဖရိကတွင် တောင်အာဖရိကနိုင်ငံပြီးလျှင် ဇမ်ဘီယာနိုင်ငံက ဒုတိယမြောက် မှတ်ပုံတင်သည့်နိုင်ငံဖြစ်လာသည်။

**တစ်နှစ်လျှင် ၃၀၀၀၀ ခန့်ရှိ**

ဇမ်ဘီယာနိုင်ငံ၌ အိတ်ချ်အိုင်ဗွီ ကူးစက်ခံရသူများမှာ တစ်နှစ်လျှင် ၃၀၀၀၀ ခန့်ရှိသည်။ အထူးသဖြင့် ဆယ်ကျော်သက် အမျိုးသမီးငယ်များနှင့် အမျိုးသမီးများတွင် ကူးစက်မှုမြင့်မားသည်။

**မျှော်လင့်ချက်ပင်ဖြစ်**

အဆိုပါဆေးရရှိခြင်းဖြင့် အိတ်ချ်အိုင်ဗွီကာကွယ်ရေးအတွက် ဆေးကို နှစ်လတစ်ကြိမ် သို့မဟုတ် နေ့စဉ်သောက်သုံးနေရသူများ၊ ကူးစက်နိုင်ခြေမြင့်မားသည့် ကိုယ်ဝန်ဆောင်မိခင်များ၊ နို့တိုက်မိခင်များနှင့် တစ်ကိုယ်ရေသီးသန့်ကာကွယ်လိုသည့် အမျိုးသားများအတွက် မျှော်လင့်ချက်ပင်ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဆင်ဟွာ

# နယ်သာလန်နိုင်ငံ၌ ကြက်ငှက်တုပ်ကွေးရောဂါတွေ့ရှိပြီးနောက် ကြက် ၁၂၀၀၀၀ ကို ရှင်းလင်းမည်

**အမ်စတာဒမ် နိုဝင်ဘာ ၈**

နယ်သာလန်နိုင်ငံသည် မြောက်ပိုင်း ဖိုင်းစလန့်ပြည်နယ်ရှိ ကြက်ခြံတစ်ခု၌ ကြက်ငှက်တုပ်ကွေးရောဂါ၏ပြင်းထန်ရောဂါဖြစ်စေတတ်သော မျိုးဗီဇတွေ့ရှိပြီးနောက် ကြက်ကောင်ရေ ၁၂၀၀၀၀ ခန့်ကို ရှင်းလင်းရန် အမိန့်ပေးခဲ့ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက နိုဝင်ဘာ ၇ ရက်ညက ကြေညာသည်။

**ရှင်းလင်းသွားမည်**

ဗိုင်းရပ်စ်ပိုးထပ်မံပျံ့နှံ့မှုမှ ကာကွယ်ရန် အစားအစာနှင့် စားသုံးသူထုတ်ကုန်ဘေးကင်းရေး အာဏာပိုင်အဖွဲ့က ဒရိုဂီဟမ်ကျေးရွာရှိ ကြက်အားလုံးကို ရှင်းလင်းသွားမည်ဖြစ်ကြောင်း သိရသည်။

ကြက်၊ ဥများ၊ မြေသြဇာများနှင့် အသုံးပြုပြီး ကောက်ရိုးအခင်းများ ရွှေ့ပြောင်းမှုအပါအဝင် ၁၀ ကီလိုမီတာအချင်းဝက်အတွင်း သယ်ယူပို့ဆောင်ရေး တားမြစ်ချက်ကို ချက်ချင်းချမှတ်လိုက်ကြောင်း သိရသည်။

**၁၄ ရက်ကြာ စောင့်ကြည့်သွားမည်**

ရောဂါပိုးတွေ့ရှိသည့်နေရာမှ ၁ ကီလိုမီတာအကွာတွင်ရှိသည့် အခြား ကြက်မွေးမြူရေးခြံကိုလည်း ကြက်ငှက်တုပ်ကွေးရောဂါစစ်ဆေးပြီး ၁၄ ရက်ကြာ စောင့်ကြည့်သွားမည်ဖြစ်သည်။

အလားတူ ၃ ကီလိုမီတာအကွာရှိ အခြားကြက်ခြံ သုံးခုကိုလည်း စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ



ကြက်မွေးမြူရေးခြံတစ်ခုကို တွေ့ရစဉ်။

# အမေရိကန်နိုင်ငံ ကန်တက်ကီပြည်နယ်၌ ကုန်တင်လေယာဉ် ပျက်ကျမှုကြောင့် သေဆုံးသူဦးရေ ၁၄ ဦးအထိရှိလာ

**နယူးယောက် နိုဝင်ဘာ ၈**

အမေရိကန်နိုင်ငံ ကန်တက်ကီပြည်နယ် လူးဝစ်ဗီလီ အပြည်ပြည်ဆိုင်ရာ လေဆိပ်အနီး နိုဝင်ဘာ ၄ ရက်က ကုန်တင်လေယာဉ်ပျက်ကျမှု ဖြစ်ပွားခဲ့ရာ သေဆုံးသူဦးရေမှာ ၁၄ ဦးအထိရှိလာသည်ဟု ပြည်တွင်းမီဒီယာတွင် နိုဝင်ဘာ ၇ ရက်က ဖော်ပြထားသည်။

**လေယာဉ်၏ ဘယ်ဘက်အင်ဂျင်မှ မီးလောင်**

ယူပီအက်စ်ကုန်တင်လေယာဉ်သည် ပျံတက်နေစဉ် လေယာဉ်၏ ဘယ်ဘက်အင်ဂျင်မှမီးလောင်ကာ အင်ဂျင်အစိတ်အပိုင်းများ ကွာကျခဲ့ကြောင်း လေဆိပ်စောင့်ကြည့်ကင်မရာမှတ်တမ်းများကို ကိုးကား၍ အမျိုးသားသယ်ယူပို့ဆောင်ရေး ဘေးကင်းလုံခြုံရေးဘုတ်အဖွဲ့ (NTSB) ၏ ပြောကြားချက်အရ သိရသည်။

**ပျောက်ဆုံးနေသူကိုးဦး**

သေဆုံးသူများထဲတွင် ကလေးတစ်ဦးလည်း ပါဝင်သည်ဟု သိရသည်။ နိုဝင်ဘာ ၆ ရက်အထိ ပျောက်ဆုံးနေသူကိုးဦးသည် လေယာဉ်ပျက်ကျရာနေရာအနီးတွင်ရှိသည်ဟု ယူဆရသည်။ NTSB စုံစမ်းစစ်ဆေးရေးအဖွဲ့သည် နိုဝင်ဘာ ၅ ရက်က လေယာဉ်မှူးခန်း အသံဖမ်းစက်နှင့် လေယာဉ်ပျံသန်းမှု ဒေတာအသံဖမ်းစက်ကို လေယာဉ်ပျက်ကျရာနေရာတွင် ရှာဖွေတွေ့ရှိခဲ့ပြီး အင်ဂျင်၏ အဓိကအစိတ်အပိုင်းကို နိုဝင်ဘာ ၆ ရက်တွင် ရှာဖွေတွေ့ရှိခဲ့သည်။

**ဟိုနိုလူလူသို့ ဦးတည်ပျံသန်း**

NTSB သည် လေယာဉ်ပျက်ကျမှုနှင့်ပတ်သက်၍ ကနဦးအစီရင်ခံစာကို ဖော်ပြခြင်းရှိ မရှိမသေချာသေးချေ။ အဆိုပါကုန်တင်လေယာဉ်သည် ဟိုနိုလူလူသို့ ဦးတည်ပျံသန်းခြင်းဖြစ်ပြီး လူးဝစ်ဗီလီအပြည်ပြည်ဆိုင်ရာ လေဆိပ်အနီးတွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။

ဆင်ဟွာ

# တူကီယဲနိုင်ငံ အနောက်မြောက်ပိုင်း၌ အလှကုန်ပစ္စည်း စက်ရုံမီးလောင်မှုဖြစ်ပွားရာ ခြောက်ဦးသေဆုံး

**အစ္စတန်ဘူလ် နိုဝင်ဘာ ၈**

တူကီယဲနိုင်ငံအနောက်မြောက်ပိုင်း ကိုစဲလီပြည်နယ်၌ နိုဝင်ဘာ ၈ ရက်တွင် အလှကုန်ပစ္စည်းစက်ရုံ မီးလောင်မှုဖြစ်ပွားသဖြင့် ခြောက်ဦးသေဆုံးပြီး နောက်ထပ်တစ်ဦးမှာ ဒဏ်ရာရရှိကြောင်း ဒေသတွင်း အာဏာပိုင်များက ထုတ်ပြန်ထားသည်။

ဒီလိုဗာစီပြည်နယ်ရှိ စက်ရုံတစ်ခု၌ မီးလောင်မှုဖြစ်ပွားခဲ့သည့် အရေးပေါ် ဖုန်းခေါ်ဆိုမှုဖြစ်ပေါ်ပြီးနောက် မီးသတ်တပ်ဖွဲ့များကို စေလွှတ်ခဲ့ကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး အီလ်အမ်မီ အက်ခ်တက်စ်၏ ထုတ်ပြန်ချက်အရ သိရသည်။

**အကြောင်းရင်းကို စုံစမ်း**

ယင်းနောက် မီးလောင်မှုကို ထိန်းချုပ်နိုင်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။ မီးလောင်မှုဖြစ်ပွားရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ

# အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန (၁၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ကျင်းပ



**မော်လမြိုင် နိုဝင်ဘာ ၈**

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၁၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး ရာမညခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အငြိမ်းစားဝန်ထမ်းများ၊ ပြည်နယ်အုပ်ချုပ်ရေးမှူးနှင့် အရာထမ်းအမှုထမ်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် ကျရာနေရာတွင် တာဝန်ကျေပွန်စွာ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် အားတက်သရော ပါဝင်ဆောင်ရွက်ခြင်းတို့အတွက် အသိအမှတ်ပြုမှတ်တမ်းတင်ပါကြောင်း၊ နိုင်ငံအကျိုး၊ ဒေသအကျိုးနှင့် ပြည်သူ့အကျိုးတို့ကို ဆတက်ထမ်းပိုးဆောင်ရွက်နိုင်သော ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သမိုင်းကြောင်းနှင့် လုပ်ငန်းစွမ်းဆောင်ချက်များ မှတ်တမ်းဗီဒီယိုကို ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က ချီးမြှင့်ငွေကျပ်သိန်း ၂၀၀ နှင့် ဝန်ထမ်းများအတွက် တူညီဝတ်စုံများပေးအပ်၍ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စေလွှတ်သော သင်တန်းများတွင် ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုနှင့်ထပ်ဆင့်ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအဆင့်ဆင့်မှ ၂၀၂၅ ခုနှစ် တစ်နှစ်တာကာလအတွင်း ဆောင်ရွက်ချက်မှတ်တမ်းများ ပြသထားရှိမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ရခိုင်ပြည်နယ် (၁၇)နှစ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

**စစ်တွေ နိုဝင်ဘာ ၈**

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ (၁၇)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို ယမန်နေ့က စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ တက်ရောက်ကြသည်။



ဦးစွာ ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက “ဒို့GA”သီချင်းဖြင့် သီဆိုဖျော်ဖြေကာ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်၏ အမျိုးသားရေးမျှော်မှန်းချက်နှင့် နိုင်ငံရေးမျှော်မှန်းချက်များ အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသည် ပြည်သူပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းကို ဗဟိုပြုသည့် ကောင်းမွန်သော အုပ်ချုပ်ရေးယန္တရား တည်ဆောက်ရေးတွင် အဓိကကျသော ဌာနတစ်ခုဖြစ်ကြောင်း၊ ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ပြီး များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်သူက ယုံကြည်အားထားရသည့် အုပ်ချုပ်ရေးယန္တရားကောင်းဖြစ်စေရန်အတွက် နိုင်ငံတော်နှင့် လူမျိုးဂုဏ်သိက္ခာတို့ကို လေးစားတန်ဖိုးထားပြီး စံနမူနာပြ ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။ (ဝဲပုံ)

ယင်းနောက် ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက “စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်” သီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြပြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏သမိုင်းကြောင်း video Clip ကို ပြသသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများက ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သင်တန်းထူးချွန်ဆု၊ အားကစားထူးချွန်ဆု၊ ငါးကြိမ်အထက် သွေးလှူဒါန်းသည့် ဝန်ထမ်းများနှင့် တစ်နှစ်ပတ်လုံး ခွင့်မယူသည့် ဝန်ထမ်းများကို ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများက “ရခိုင်တို့မြေ လာခဲ့လေ ” သီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများသည် တေးသီချင်းများဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြသည့် ဝန်ထမ်းများအား ချီးမြှင့်ငွေများပေးအပ်ကာ အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံ နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

# ရှမ်းပြည်နယ်အစိုးရအဖွဲ့ကကြီးမှူးကျင်းပသည့် လူငယ်ရေးရာဟောပြောပွဲကျင်းပ

**တောင်ကြီး နိုဝင်ဘာ ၈**

ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် -၂၀၂၅ တွင်ပါရှိသည့် ပထဝီနိုင်ငံရေး၊ စီးပွားရေးနှင့် အဆင့်မြင့်ပညာရေးတွင် သုတေသနအရေးပါမှုအကြောင်း အသိပညာပေးဟောပြောပွဲနှင့် လူငယ်စစ်တမ်းဖြေဆိုခြင်းကို ယနေ့နံနက် ၉ နာရီက တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပညာရေးဒီဂရီကောလိပ် (တောင်ကြီး) မှ သင်တန်းသားသင်တန်းသူများက လူငယ်စွမ်းရည်သီချင်းဖြင့် ဂုဏ်ပြုဖျော်ဖြေကြသည်။



ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ ကို ကျင်းပရခြင်း၏ ရည်ရွယ်ချက်သည် နိုင်ငံတကာရေးရာ၊ ပထဝီနိုင်ငံရေးနှင့် အမျိုးသားမဟာဗျူဟာနှင့်ပတ်သက်သည့် အခြေခံအသိပညာ ဗဟုသုတများရှိစေရန်၊ လူငယ်များအကြား ခေါင်းဆောင်မှု၊ စူးစမ်းစဉ်းစားနိုင်မှုနှင့် ဆက်သွယ်ရေး ကျွမ်းကျင်မှု အရည်အချင်းမြှင့်တင်ရန်၊ အပြန်အလှန် ဆွေးနွေးပြောဆိုမှုများမှ တစ်ဆင့် ပူးပေါင်းဆောင်ရွက်မှု၊ ဆွေးနွေးနီးနှောမှုနှင့် ပြည်သူ့နီတိ ထိတွေ့ဆက်ဆံမှုများ တိုးမြှင့်ရန် လူငယ်များ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အနာဂတ်လမ်းကြောင်းများကို ရှုမြင်အဆိုပြုနိုင်စွမ်းမြှင့်တင်ရန်၊ အနာဂတ်တွင် အမျိုးသားအဆင့်နှင့် ဒေသဆိုင်ရာအဆင့် လုပ်ငန်းအစီအစဉ်များအတွက် တက်ကြွသည့် ဖိုရမ်ဆင်း လူငယ်ကွန်ရက်ကို ဖန်တီးပေးရန် စသည့် ရည်ရွယ်ချက်များနှင့် ကျင်းပပေးခဲ့ခြင်းဖြစ်ပါကြောင်းပြောကြားသည်။ (ဝဲပုံ)

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ ဒေါက်တာဇော်ဦးနှင့် လူငယ်စွမ်းရည်သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြသည့် ပညာရေးဒီဂရီကောလိပ် (တောင်ကြီး)မှ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုလက်ဆောင် ပေးအပ်သည်။

ဆက်လက်၍ မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့မှ ဒေါက်တာဇော်ဦးက မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် – ၂၀၂၅ ပါ ပထဝီ နိုင်ငံရေး၊ စီးပွားရေးနှင့် အဆင့်မြင့်ပညာရေးတွင် သုတေသနအရေးပါမှုအကြောင်းများကို အသိပညာပေးဟောပြောသည်။

ထို့နောက် အသိပညာပေး ဟောပြောခဲ့သည့် အကြောင်းအရာနှင့်ပတ်သက်၍ တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများနှင့် အမေးအဖြေကဏ္ဍများ ပြုလုပ်ခြင်း၊ လူငယ်စစ်တမ်း ဖြေဆိုခြင်း၊ စစ်တမ်းတွေ့ရှိချက်အချို့ ပြန်လည်တင်ပြခြင်း၊ သုတေသန အခွင့်အလမ်းများ အကြောင်း ရှင်းလင်းဖြေဆိုခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# အမြဲတမ်းမသန်စွမ်းမှုနှင့်ဆိုင်သည့် ငွေလုံးငွေရင်း အကျိုးခံစားခွင့်ထုတ်ပေး

**တောင်ကြီး နိုဝင်ဘာ ၈**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့မှ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ်လူမှုဖူလုံရေးရုံး၌ အကျုံးဝင်မှတ်ပုံတင်ထားသော မန်းရတနာပုံလေကြောင်းလိုင်းမှ အာမခံအလုပ်သမား ဦးဝေယံမင်း၏ အမြဲတမ်းမသန်စွမ်းမှုနှင့်ဆိုင်သည့် ငွေလုံးငွေရင်း အကျိုးခံစားခွင့် ခွင့်ပြုထုတ်ပေးခြင်း အခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ဟဲဟိုးမြို့ မန်းရတနာပုံလေကြောင်းလိုင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာနအောက်မှ မိတ်ဖက်ဌာနများ၊ လူမှုဖူလုံရေးအဖွဲ့မှ ဝန်ထမ်းများ၊ မန်းရတနာပုံလေကြောင်းလိုင်းနှင့် မြန်မာ့လေကြောင်းလိုင်းတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော အလုပ်ဌာနများမှ တာဝန်ရှိသူများ တက်ရောက်သည်။

အခမ်းအနားတွင် လူမှုဖူလုံရေးအဖွဲ့၊ ပြည်နယ်တာဝန်ခံဒုတိယညွှန်ကြားရေးမှူးက အမြဲတမ်း မသန်စွမ်းမှုနှင့်ဆိုင်သည့် ငွေလုံးငွေရင်း အကျိုးခံစားခွင့်ငွေကျပ် ၈၆၀၈၃၂၀ ကိုမန်းရတနာပုံလေကြောင်းလိုင်းမှ ဦးဝေယံမင်းထံသို့ ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်သူ့အလုပ်သမားပါတီက
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၈

**ပြည်သူ့အလုပ်သမားပါတီ ဥက္ကဋ္ဌ ဦးကျော်ဇင် က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် ဟောပြောချက် စာမူအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှတစ်ဆင့် ပေးပို့လာပါသည် – အဆိုပါ ဟောပြောချက် စာမူအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–**

၁။ မဲဆန္ဒရှင်လုပ်သားပြည်သူအပေါင်း စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့ဖြင့် ပြည့်စုံပါစေကြောင်း ဦးစွာပဏာမ နှုတ်ခွန်းဆက်သလိုက်ပါတယ် ခင်ဗျား။

ကျွန်တော်ကတော့ ပြည်သူ့အလုပ်သမားပါတီကိုယ်စား ဟောပြောမယ့် ပြည်သူ့အလုပ်သမားပါတီဥက္ကဋ္ဌတာဝန်ကို ယူထားတဲ့ ဦးကျော်ဇင် ဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီဟာဆိုရင် ၂၀၁၇ ခုနှစ်က စတင်တည်ထောင်ခဲ့ပြီး ယခုဆိုရင် သက်တမ်းအားဖြင့်(၈)နှစ်ကျော်လာခဲ့ပြီ ဖြစ်ပါတယ်။ အဲဒီ(၈)နှစ်တာကာလအတွင်းမှာ ကျွန်တော်တို့ ပြည်သူ့အလုပ်သမားပါတီအနေဖြင့် လုပ်သားပြည်သူအပေါင်းတို့ကို ကျွန်ုပ်တို့ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ ဥပဒေဘောင်အတွင်းမှနေပြီး ကူညီဆောင်ရွက်ပေးခဲ့မှုများကို ပါတီနှင့်နီးစပ်သူများနဲ့ လာရောက်အကူအညီတောင်းခံခဲ့ကြတဲ့ ကာယကံရှင်လုပ်သားပြည်သူများ အသိပင်ဖြစ်ပါတယ်။ ကျွန်တော်တို့ ပါတီအနေဖြင့် ၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတို့တွင် ပါဝင်ခဲ့ပြီးဖြစ်ပါတယ်။ ယခုအစိုးရလက်ထက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ဥပဒေအသစ်နဲ့ ပြန်လည်မှတ်ပုံတင်ပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်း စည်းရုံးမည့်ပါတီအနေဖြင့် ယခုကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၌ ကျွန်တော် ဦးကျော်ဇင်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်တွင် ဦးရန်နောင်စိုးမြင့်၊ ရွှေပြည်သာမြို့နယ်တွင် ဦးညွန့်ဝင်းတို့က ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်များတွင် အသီးသီးဝင်ရောက်ယှဉ်ပြိုင်ကြမှာ ဖြစ်ပါတယ်။

၂။ လုပ်သားပြည်သူအပေါင်းတို့ခင်ဗျား – ကျွန်တော်တို့ပါတီရဲ့ အခြေခံမူဝါဒနှင့်လမ်းစဉ်ကို ဦးစွာတင်ပြမှာဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီ တည်ထောင်စဉ် ကတည်းက ချမှတ်ထားတဲ့ အဓိက မူဝါဒကတော့ လူလူချင်းခွဲခြားဆက်ဆံမှုကင်းဝေးပြီး နိုင်ငံသားလုပ်သားပြည်သူတိုင်း ဥပဒေရဲ့အောက်တွင် တန်းတူညီမျှအခွင့်အရေးရရှိဖို့ အရေးပဲဖြစ်ပါတယ်။ ရွေးကောက်ပွဲတွေဟာဆိုရင်ဖြင့် ကျွန်တော်တို့နိုင်ငံတော်နဲ့ နိုင်ငံသားတို့အတွက် အင်မတန်မှ အရေးကြီးလှပါတယ်။ ရွေးကောက်ပွဲလမ်းစဉ်ဖြင့်သာ ပြည်သူအပေါင်း လိုလားသောကိုယ်စားလှယ်ကို ရွေးချယ်နိုင်မှာဖြစ်သလို ရွေးကောက်ပွဲနည်းလမ်းတစ်ခုတည်းနှင့်သာ ဒီမိုကရေစီအစိုးရတစ်ရပ်ပေါ်ပေါက်အောင် ဆောင်ရွက်နိုင်မည်ကို ပြည်သူအားလုံးအသိပင်ဖြစ်ပါတယ်။ ရွေးကောက်ပွဲတွေမှာ ပါဝင်ယှဉ်ပြိုင်မယ့် ပါတီအားလုံး ဥပဒေနှင့်အညီ တန်းတူအခွင့်အရေးရရှိရေး၊ ဥပဒေနှင့်အညီ လွတ်လပ်စွာ မဲဆွယ်စည်းရုံးနိုင်ရေးအပြင် မဲဆန္ဒရှင်များ မှန်ကန်တိကျစေရေးနဲ့ မဲပေးနိုင်မယ့် လူတိုင်းမဲပေးခွင့်မဆုံးရှုံးစေရေးတို့အတွက် ဥပဒေနှင့်အညီ မဲစာရင်းများ မှန်ကန်စွာ ဆောင်ရွက်နိုင်မှသာလျှင် စစ်မှန်၍တရားမျှတသော ပါတီစုံအထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်မယ်ဆိုတာကို ပြောကြားလိုပါတယ်။ ၂၀၂၀ ရွေးကောက်ပွဲမတိုင်မီနှင့် ရွေးကောက်ပွဲပြီးကာလတို့တွင် ကျွန်တော်တို့ တစ်ပါတီချင်းသော်လည်းကောင်း၊ ပါတီများစုပေါင်း၍ သော်လည်းကောင်း ထိုအချိန်က တာဝန်ယူခဲ့သော ရွေးကောက်ပွဲကော်မရှင်သို့ မဲဆွယ်စည်းရုံးမှုများတွင် တရားမျှတမှုမရှိခြင်း၊ မဲစာရင်းများမှားယွင်းနေခြင်းတို့ကို အကြိမ်ကြိမ်တင်ပြခဲ့သော်လည်း လျစ်လျူရှုခြင်းခံခဲ့ရတာကိုလည်း အသိပေးပြောကြားလိုပါတယ်။ အဲဒါရဲ့ အကျိုးဆက်အနေနဲ့ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပခဲ့သော အထွေထွေရွေးကောက်ပွဲရဲ့ မဲစာရင်းမှားယွင်းမှု၊ မဲမသမာပြုမှုတို့ကြောင့် တပ်မတော်က နိုင်ငံတော်အာဏာကို ထိန်းသိမ်းခဲ့ရတာ အားလုံးအသိပင်ဖြစ်ပါတယ်။ ဒါကြောင့် လက်ရှိတာဝန်ယူထားတဲ့ အစိုးရအနေနဲ့ ချမှတ်ထားတဲ့ လမ်းစဉ်အတိုင်း ရွေးကောက်ပွဲကြီးကို ကျင်းပပေးခြင်းအပေါ် ကျွန်တော်တို့နိုင်ငံရေးပါတီများသာမက လုပ်သားပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ခြင်းဖြင့် မိမိတို့ရဲ့အခွင့်အရေးကို မိမိတို့လက်နဲ့ ပြန်လည်ရယူပြီး ပါတီစုံဒီမိုကရေစီလမ်းပေါ် ပြန်လည်လျှောက်လှမ်းရမည်ဖြစ်ပါတယ် ခင်ဗျား။

၃။ ကျွန်တော်တို့ပါတီအနေဖြင့် ပြည်သူများရွေးကောက်တင်မြှောက်လိုက်တဲ့ ပြည်သူ့ကိုယ်စားလှယ်တွေပါဝင်တဲ့ လွှတ်တော်ကြီးပေါ်ပေါက်လာတဲ့အခါ အဓိကထားဆွေးနွေးလိုတာကတော့ ပြည်တွင်းငြိမ်းချမ်းရေးကဏ္ဍပဲ ဖြစ်ပါတယ်။ ငြိမ်းချမ်းမှုမရှိရင်ဖြင့် မည်သည့်အစိုးရအုပ်ချုပ် အုပ်ချုပ်တိုင်းပြည်တိုးတက်ဖို့ရာ ဝေးနေဦးမှာဖြစ်ပါတယ်။ အဓိကအားဖြင့် ကျွန်တော်တို့ တိုင်းပြည်ဟာ အိမ်နီးချင်းနိုင်ငံတွေနဲ့ယှဉ်ရင် ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့တယ်ဆိုတာ **ပြည်တွင်းပဋိပက္ခတွေရဲ့** ဒုက္ခပေးမှုလို့ပဲ တင်ပြချင်ပါတယ်။ **ပြည်တွင်းပဋိပက္ခဖြစ်နေတဲ့** ဒေသတွေမှာဆိုရင်ဖြင့် ပညာရေး၊ ကျန်းမာရေးကအစ နှောင့်နှေးကြန့်ကြာနေမှာဖြစ်သလို ကျန်ဒေသတွေမှာဆိုရင်ဖြင့်လည်း စီးပွားရေးဖွံ့ဖြိုးသင့်သလောက် မဖွံ့ဖြိုးဘဲ လူမှုအဆင့်အတန်း နိမ့်ကျနေတယ်ဆိုတာကို လုပ်သားပြည်သူတို့ မျက်မြင်ပဲဖြစ်ပါတယ်။ အဲ့ဒီလို လူမှုဘဝမစည်ပင်တာကြောင့် ကျွန်တော်တို့နိုင်ငံသား အလုပ်လုပ်နိုင်တဲ့ အရွယ်တွေဟာဆိုရင်ဖြင့် နိုင်ငံရပ်ခြားတွေမှာ ရွှေ့ပြောင်းအလုပ်သမားများအဖြစ် သက်ဆိုင်ရာ နိုင်ငံကသူတွေ မလုပ်ချင်တဲ့အလုပ်၊ မလုပ်နိုင်တဲ့ အလုပ်တွေကို လုပ်ကိုင်နေရတာဆိုရင်ဖြင့် စစ်တမ်းများအရ တစ်နှစ်ထက်တစ်နှစ်တိုးလာတာကို ဝမ်းနည်းစွာ တွေ့ရှိရပါတယ်။ အဲ့ဒီလိုဖြစ်ရတာဟာ နိုင်ငံသားတွေမှာသာ ထိခိုက်ရုံသာမက နိုင်ငံတော်အတွက်လည်း လုပ်အားဆုံးရှုံးနစ်နာမှု ဖြစ်ပေါ်စေတဲ့အတွက် ကုန်ထုတ်စွမ်းအားကျဆင်းပြီး နိုင်ငံဖွံ့ဖြိုးမှု နောက်ကျစေတယ်လို့ ကျွန်တော်မြင်မိပါတယ်။ ဒ့ါအပြင် ထာဝရငြိမ်းချမ်းရေးနဲ့ **ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ**ချုပ်ငြိမ်းရေးအတွက် တိုင်းရင်းသားအချင်းချင်း အပြန်အလှန် တာဝန်ယူမှု၊ တာဝန်ခံမှုများထားရှိကာ နားလည်မှုတည်ဆောက်ရမှာ ဖြစ်တဲ့အပြင် တိုင်းရင်းသားအချင်းချင်း သွေးစည်းညီညွတ်ရေး၊ အပြန်အလှန်ချစ်ကြည်လေးစားရေး၊ ရိုင်းပင်းကူညီရေးတို့ အစဉ်ဖြစ်ထွန်းနေမှသာ ကျွန်ုပ်တို့ပြည်ထောင်စုကြီးထာဝရမပြိုကွဲဘဲ အစဉ်ထာဝရ ရပ်တည်နိုင်ရေးအတွက် ကျွန်တော်တို့ ပြည်သူ့အလုပ်သမားပါတီအနေဖြင့် နိုင်ငံတော်မှ အကောင်အထည်ဖော်လျက်ရှိတဲ့ ထာဝရငြိမ်းချမ်းရေးရရှိစေရန်အတွက် တစ်ခုတည်းသောလမ်းကြောင်းဖြစ်တဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လမ်းကြောင်းကို အစဉ်အလေးထား ထောက်ခံသွားမည်ဖြစ်သည့်အပြင် ပြည်သူအပေါင်းတို့ကလည်း နိုင်ငံချစ်စိတ် မျိုးချစ်စိတ်အပြည့်နဲ့ ပူးပေါင်းပါဝင်ကြဖို့ လိုအပ်ကြောင်း ပြောကြားလိုပါတယ်။

၄။ လုပ်သားပြည်သူများခင်ဗျား – လူမှုစီးပွားဖွံ့ဖြိုးမှုနောက်ကျတဲ့နိုင်ငံ၊ ဆင်းရဲတဲ့ နိုင်ငံတွေမှာဆိုရင်ဖြင့် အလုပ်အကိုင်ရှားပါးမှု၊ ကုန်ဈေးနှုန်းကြီးမြင့်မှုတို့ကြောင့် လုပ်သားပြည်သူတွေဟာဆိုရင် ရတဲ့လုပ်ခလစာနဲ့ စားဝတ်နေမှုကို ဖြေရှင်းဖို့ ခက်ခဲတယ်ဆိုတာတွေ့ရှိရပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေဖြင့် ကုန်ဈေးနှုန်းကြီးမြင့်မှုကို ဖြေရှင်းဖို့ဆိုရာတွင် ကျွန်တော်တို့ ပြည်တွင်းလိုအပ်ချက်တွေကို ပြည်ပကနေ တင်သွင်းမှုနည်းအောင် ပြည်တွင်းမှာ ကိုယ်ပိုင်ထုတ်လုပ်နိုင်အောင်ဆောင်ရွက်ဖို့ အဓိကလိုအပ်ပါတယ်။ အဲ့ဒီလို လုပ်ဆောင်နိုင်ဖို့အတွက်ကလည်း အခြေခံအဆောက်အအုံတွေဖြစ်တဲ့ နေရာနဲ့ ကုန်ကြမ်း ကျွန်တော်တို့ တိုင်းပြည်မှာရှိပါသော်လည်း နည်းပညာနဲ့ လျှပ်စစ်ကဏ္ဍတွင် အားနည်းတယ်ဆိုတာကို လေ့လာတွေ့ရှိရပါတယ်ခင်ဗျာ။ ကြားသိရတဲ့သတင်းများအရ နိုင်ငံတော်တွင် လိုအပ်တဲ့ လျှပ်စစ်စွမ်းအင်အတွက် နိုင်ငံတော်အစိုးရအနေနဲ့ အဏုမြူစွမ်းအင်အသုံးပြုပြီး လျှပ်စစ်စွမ်းအင်ထုတ်လုပ်နိုင်အောင် ရုရှားနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ နိုင်ငံတော်အကြီးအကဲ ရုရှားနိုင်ငံသို့ သွားရောက်တဲ့ ခရီးစဉ်မှာလုပ်ဆောင်နိုင်ခဲ့တဲ့အတွက် အနာဂတ်ကျွန်တော်တို့နိုင်ငံရဲ့ စွမ်းအင်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်တော့မှာ ဖြစ်ပါတယ်။ အဓိက လိုအပ်တဲ့ နည်းပညာအတွက်ဆိုရင်ဖြင့် ကျွန်တော်တို့ နိုင်ငံသားတွေ ပညာတတ်ဖို့ လိုအပ်ပါတယ်။ အမျိုးသားပညာရေးအခန်းကဏ္ဍကို ပြောကြားရလျှင် ၎င်းနဲ့ ဆက်စပ်နေတဲ့ အမျိုးသားကျန်းမာရေးကဏ္ဍကိုပါ ထည့်သွင်းပြောကြားရမှာဖြစ်ပါတယ်။ ကျန်းမာရေးမပြည့်စုံရင်ဖြင့် ပညာရေးလည်းမလုပ်နိုင်သလို အခြားအခြားသော မည်သည့်ကိစ္စကိုမျှ ဆောင်ရွက်နိုင်မှာမဟုတ်ပါဘူး။ အမျိုးသားကျန်းမာရေးကဏ္ဍကို ဆောင်ရွက်ရာမှာလည်း ယနေ့လူငယ်တွေရဲ့ ကျန်းမာရေးဟာ လွန်စွာမှ အရေးကြီးလှပါတယ်။ ယနေ့လူငယ်များ ဖွံ့ဖြိုးတိုးတက်မှုကိုကြည့်ရင်ဖြင့် ကျွန်တော်တို့အနေနဲ့ လွန်စွာမှအားမရပါဘူး။ အဓိကအားဖြင့် လူငယ်များ ကျန်းမာကြံ့ခိုင်ဖို့ဆိုတာ မူးယစ်ဆေးဝါးကင်းစင်ပပျောက်ဖို့နဲ့ သင့်တင့်သောကျန်းမာရေးလိုက်စားမှုများ ပြုလုပ်စေရေးတို့ကို အလေးထားဆောင်ရွက်မှာ ဖြစ်ပါတယ်။ သို့မှသာ တိုင်းပြည်အတွက် အားကိုးအားထားပြုရမယ့် အနာဂတ်မျိုးဆက်သစ်များ ပေါ်ထွက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ ပြည်သူ့အလုပ်သမားပါတီအနေနဲ့ တတ်စွမ်းသမျှ ပြည်သူတွေရဲ့ လူမှုဘဝကိုကာကွယ်ဖို့၊ လူငယ်တွေဘဝကို ကာကွယ်ဖို့ မူးယစ်ဆေးတိုက်ဖျက်ရေးကို အလေးထားလုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ပညာရေးမှာ ကြည့်ပြန်တော့လည်း စီးပွားရေးက အဆင်မပြေလို့ ပညာရေးတစ်ပိုင်းတစ်စနဲ့တင် အဆုံးသတ်လိုက်တာက များလာတာကို တွေ့ရတဲ့အတွက်လည်း ပညာတတ်ရှားပါးမှုကို ရင်ဆိုင်လာရပါတယ်။ ဒီလိုသာ တဖြည်းဖြည်းနဲ့ ပညာရေးဘက်မှာ အားနည်းလာရင် ကျွန်တော်တို့တိုင်းပြည်ဟာ အနာဂတ်မှာ ဒုက္ခဖြစ်ဖို့သာ ရှိပါတော့တယ်။ ဒါကြောင့် ကျွန်တော်တို့ ပြည်သူ့အလုပ်သမားပါတီအနေဖြင့်လည်း အမျိုးသားပညာရေးနဲ့ အမျိုးသားကျန်းမာရေးကဏ္ဍကို အမျိုးသားရေးအမြင်နဲ့ ဦးစားပေးဆောင်ရွက်ရန် အစဉ်အလေးထား တိုက်တွန်းသွားမှာဖြစ်သည့်အပြင် ပါတီအနေဖြင့်လည်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကူညီဆောင်ရွက်သွားပါမည်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

၅။ လုပ်သားပြည်သူများခင်ဗျား – ဆက်လက်၍ ကျွန်တော်တို့ ပြည်သူ့အလုပ်သမားပါတီရဲ့ နိုင်ငံရေးမူဝါဒကိုတင်ပြမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီအနေဖြင့် အမျိုးသားရေးကို ဘယ်သောအခါမျှ သစ္စာဖောက်မှာ မဟုတ်ဘူးဆိုတာကို ရဲရဲကြီးအာမခံပါတယ်။ အမျိုးဘာသာ၊ သာသနာကို ဘယ်တော့မှ ကိုယ်တိုင်လည်း မစော်ကားသလို တစ်ပါးသူထိပါးစော်ကားလာရင်လည်း လုံးဝ လက်ခံမှာမဟုတ်ကြောင်း ပြောကြားလိုပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြည်ထောင်စုကြီးအကျိုးကို နိုင်ငံရေးနဲ့ အစဉ်တည်တံ့စေရန်ဆောင်ရွက်တဲ့ အခါမှာ အမျိုးသားရေးကို သစ္စာမဖောက်တဲ့ အဖွဲ့အစည်းအားလုံးနဲ့ လက်တွဲဆောင်ရွက်နိုင်တယ်ဆိုတာလည်း ပြောကြားလိုပါတယ်။ အဓိကအနေနဲ့ **ဒို့တာဝန်အရေး (၃) ပါး**ကို ကာကွယ်သောမြန်မာ့တပ်မတော်ကို အမျိုးသားနိုင်ငံရေးလုပ်သောအဖွဲ့အစည်းအမြင်နဲ့ အစဉ်လက်တွဲဆောင်ရွက်မည်ဖြစ်ကြောင်းကို ပြောကြားလိုပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးကို လေ့လာကြည့်ရင် ၎င်းတို့ရဲ့အမျိုးသားအကျိုးစီးပွားကို အဓိကထားတာ တွေ့ရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံကို ကျွန်တော်တို့တိုင်းရင်းသားများလောက် ဘယ်ပြည်ပနိုင်ငံသားကမှ ပိုအလေးထား၊ ပိုချစ်တယ်ဆိုတာ ယုံနိုင်စရာမရှိပါဘူး။ အဲ့ဒီတော့ ကျွန်တော်တို့ တိုင်းရင်းသားလုပ်သားပြည်သူတို့ရဲ့ စည်းရုံးစုပေါင်းမှုနှင့် ပြည်ထောင်စုကြီးရဲ့ အကျိုးစီးပွားကို ဝိုင်းဝန်းကာကွယ်ရမှာ ဖြစ်ပါတယ်။ ကမ္ဘာ့သတင်းတွေကိုကြည့်ရုံဖြင့် မိမိနိုင်ငံရဲ့ အကျိုးစီးပွားကိုကာကွယ်ဖို့ အားနည်းတဲ့ နိုင်ငံတွေဟာဆိုရင်ဖြင့် တိုင်းတစ်ပါးသြဇာခံဖြစ်သွားကြတာကို ကျွန်တော်တို့ တွေ့မြင်ရမှာ ဖြစ်ပါတယ်။ အဲ့ဒီ ဥပမာတွေကို သင်ခန်းစာယူပြီး ကျွန်တော်တို့ တိုင်းပြည်အနေဖြင့် တိုင်းရင်းသားအားလုံးစည်းလုံးညီညွတ်စွာ ဆောင်ရွက်နိုင်ပါမှ ကျွန်တော်တို့ပြည်ထောင်စုကြီး ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း အလေးအနက်ထား ပြောကြားလိုပါတယ်။

၆။ ဆက်လက်၍ အထွေထွေကဏ္ဍကို ဆွေးနွေးပြောကြားရလျှင် တိုင်းရင်းသားပေါင်းစုံ စုပေါင်းနေထိုင်တဲ့ ကျွန်တော်တို့ ပြည်ထောင်စုကြီးရဲ့ သမိုင်းကို ပြန်ကြည့်ရင်ဖြင့် အလုပ်သမား၊ လယ်သမား၊ နိုင်ငံ့ဝန်ထမ်းများ၊ ပညာသင်ကြားနေသော ကျောင်းသားလူငယ်များဟာဆိုရင်ဖြင့် မိမိပစ္စုပ္ပန်မှာ လုပ်ဆောင်နေတဲ့ကိစ္စတွေကို တာဝန်တစ်ရပ်လို တာဝန်ကျေပွန်စွာလုပ်ဆောင်နိုင်ပါမှ နိုင်ငံတော်ကြီးဟန်ချက်ညီညီ တိုးတက်မည်ကိုလည်း သတိချပ်စေချင်ပါတယ်။ အိမ်ရှင်မတစ်ဦးအနေဖြင့် ထမင်းချက်နေသည်ပင်လျှင် နိုင်ငံရေးနဲ့ပတ်သက်နေတယ်လို့ဆိုချင်ပါတယ်။ ထိုနည်းတူစွာပဲ ပညာကိုကောင်းမွန်စွာသင်ကြားခြင်းဟာလည်း နိုင်ငံတော်ကို တစ်နည်းတစ်ဖုံ ပံ့ပိုးနေခြင်းဖြစ်တယ်လို့ ဆိုနိုင်ပါတယ်။ ကျွန်တော်တို့တွေ့ကြုံခဲ့ရတဲ့ ၂၀၂၁ ခုနှစ် နိုင်ငံရေးဖြစ်စဉ်မှာဆိုရင် ပညာသင်ကြားရမယ့် ကလေးသူငယ်တို့ကိုလည်း အနှောင့်အယှက်ဖြစ်စေဖို့ လုပ်ဆောင်ခဲ့ကြတာတွေ၊ နိုင်ငံ့ဝန်ထမ်းတွေကိုလည်း ၎င်းတို့တာဝန်ဝတ္တရားများ ကောင်းမွန်စွာမထမ်းဆောင်နိုင်စေရန် အမျိုးမျိုးနှောင့်ယှက်ခဲ့ကြတာကို ကျွန်တော်တို့ မျက်မြင်တွေ့ရှိခဲ့ရပါတယ်။ အဲ့ဒီလိုလုပ်ခဲ့တဲ့ ရလဒ်နဲ့အကျိုးဆက်အနေဖြင့် ဘာတွေခံစားခဲ့ရတယ်ဆိုတာကို လုပ်သားပြည်သူတို့ အသိပင်ဖြစ်ပါတယ်။ အဲ့ဒီလိုပြုမူခဲ့ကြခြင်းရဲ့ ရလဒ်အနေနဲ့ ထိခိုက်နစ်နာမှုကို ခံစားရသည်မှာ ကျွန်တော်တို့လုပ်သားပြည်သူများနဲ့ ကျွန်တော်တို့နိုင်ငံတော်ပင်ဖြစ်ပါတယ်။ ဖြစ်ခဲ့တဲ့အတိတ်ဖြစ်စဉ်တွေကို ကျွန်တော်တို့ သင်ခန်းစာယူပြီး နောက်နောင်အလားတူဖြစ်ရပ်မျိုး ထပ်မဖြစ်အောင် ကျွန်တော်တို့ အားလုံးဝိုင်းဝန်းကာကွယ်ခြင်းဖြင့် လူငယ်တို့ရဲ့ အနာဂတ်ပြည်ထောင်စုကြီးရဲ့ အကျိုးစီးပွားကို ဝိုင်းဝန်းကာကွယ်ကြရမည်ဖြစ်ပါကြောင်း ပြောကြားလိုပါတယ်။

၇။ နိုင်ငံတစ်နိုင်ငံ တိုးတက်ဖို့ဆိုရာတွင် အဂတိတရားကင်းရှင်းဖို့လည်း လိုအပ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းများ အဂတိတရားကင်းရှင်းဖို့ဆိုရာဝယ် ၎င်းတို့မိသားစုစားဝတ်နေမှု ဖူလုံလုံလောက်ဖို့ အရေးကြီးတယ်ဆိုတာကိုလည်း ပြောကြားလိုပါတယ်။ အဲဒီတော့ ခေတ်မီတိုးတက်မှုနဲ့အတူ မြင့်တက်လာတဲ့ ကုန်ဈေးနှုန်းကို ကာမိနိုင်အောင် လစာရရှိပါမှ နိုင်ငံ့ဝန်ထမ်းများဘဝ လူတန်းစေ့နေနိုင်မည်ဖြစ်ပါတယ်။ ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ တွေ့ရှိနေရတဲ့ အငြိမ်းစားဝန်ထမ်းတွေရဲ့ဘဝကို ဥပမာအနေနဲ့ တင်ပြလိုပါတယ်။ တစ်သက်လုံး နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်လို့ပင်စင်ယူတဲ့အခါ နေစရာကမရှိ၊ ကြီးမြင့်လှတဲ့ အိမ်ငှားခတို့ရဲ့ နှိပ်စက်မှု၊ ကုန်ဈေးနှုန်းကို လိုက်မမီတဲ့ ပင်စင်လစာတို့ကြောင့် အသက်အရွယ် အိုမင်းမစွမ်းကာမှ အတိဒုက္ခရောက်နေရတာကို စိတ်မကောင်းစွာတွေ့မြင်နေရပါတယ်။ ယခုသတင်းများအရ စစ်မှုထမ်းအိမ်ရာဖော်ဆောင်နေမှုကို နိုင်ငံတော်အကြီးအကဲသွားရောက်ကြည့်ရှုစစ်ဆေးနေတာတွေ့ရလို့ တပ်မတော်သားဟောင်းကြီးများအတွက် ကျွန်တော်တို့ လွန်စွာ ဝမ်းမြောက်မိပါတယ်။ အဲ့ဒီလိုပဲ မြန်မာနိုင်ငံရဲ့တပ်ဖွဲ့အပါအဝင် အခြားခြားသော နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ပါသော ဝန်ထမ်းကောင်းဖြစ်ခဲ့တဲ့ ဝန်ထမ်းဟောင်းကြီးများအတွက်လည်း စိတ်အေးသက်သာစွာ နေထိုင်နိုင်ရန်အတွက် ကျွန်တော်တို့ ပြည်သူ့အလုပ်သမားပါတီအနေဖြင့် အစဉ်တိုက်တွန်း ဆောင်ရွက်မည်ဖြစ်ကြောင်းကိုလည်း ပြောကြားလိုပါတယ်။

၈။ ကျွန်တော်တို့ပြည်သူ့အလုပ်သမားပါတီအနေဖြင့် လုပ်သားပြည်သူများကို ဘာတွေလုပ်ပေးမယ်ဆိုပြီး ကျွန်တော်တို့ ဘယ်သောအခါမှ လိမ်လည်ကတိပေးနေမှာ မဟုတ်ပါဘူး။ ပြည်သူ လိုအပ်တာကို လုပ်ပေးမယ်ဆိုပြီးတော့လည်း အိပ်မက်တွေပေးနေမှာမဟုတ်ပါဘူး။ အိပ်မက်ဆိုတာ အိပ်ရာကနိုးရင် အားလုံးပျောက်ကွယ်သွားမဲ့အရာတွေပါ။ ကျွန်တော်တို့အနေနဲ့ စွမ်းအားရှိသလောက် လုပ်သားပြည်သူတို့နဲ့အတူ မတရားမှုတို့ကို ဥပဒေနဲ့အညီ တိုက်ပွဲဝင်ပါ့မယ်ဆိုတဲ့ ကတိကို ကျွန်တော်တို့ ပြည်သူ့အလုပ်သမားပါတီအနေနဲ့ သေချာပေးနိုင်ပါတယ်။ ဒ့ါအပြင် လုပ်သားပြည်သူတို့ဘက်ကလည်း စစ်မှန်၍ စည်းကမ်းပြည့်ဝသောဒီမိုကရေစီတိုင်းပြည်ကြီး ပေါ်ထွန်းလာအောင် မဲရုံသို့သွားရောက်ပြီး မပျက်မကွက် နိုင်ငံသားတာဝန်ကျေပွန်အောင် မဲပေးကြပါလို့ တိုက်တွန်းနှိုးဆော်ရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျာ။

# မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၈

**မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဦးကျော်စွာစိုး (ခ) ဦးကျော်စွာအောင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၈ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြော တင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**



လေးစားရပါသော မိဘပြည်သူများခင်ဗျာ ကျွန်တော်ကတော့ မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဦးကျော်စွာစိုး ဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီဟာ (၆.၁၁.၂၀၁၂) ခုနှစ်မှာ တောင်သူလယ်သမားကြီး (၂၁) ဦးနဲ့ စတင်ထူထောင်လာခဲ့တဲ့ ပါတီဖြစ်ပါတယ်။ ကျွန်တော်တို့ ဖွဲ့စည်းထူထောင်စဉ်က နိုင်ငံရေးလုပ်ငန်းစဉ်များ၊ ပါတီတစ်ခုရဲ့ လုပ်ငန်းတာဝန်များကို ကျွမ်းကျင်လို့ ထူထောင်ခဲ့ခြင်း မဟုတ်ပါဘူး။ ရင်ထဲမှာ ဒို့တောင်သူလယ်သမားတွေရဲ့ ဘဝအမှန်ကို တိုင်းသိ ပြည်သိ ကမ္ဘာသိအောင် လွှတ်တော်ထဲ အရောက်သွားပြီး တင်ပြနိုင်ဖို့နဲ့ ပြောပိုင်ခွင့်သာရှိတဲ့ တောင်သူလယ်သမားဘဝကနေ လုပ်ပိုင်ခွင့်ရှိတဲ့ တောင်သူလယ်သမားတွေရဲ့ ပါတီဖြစ်အောင် ကြိုးစားမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ဖွဲ့စည်းထူထောင်ခဲ့ခြင်း ဖြစ်ပါတယ်။

အဲဒါကြောင့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီးမှာ တောင်သူလယ်သမားပါတီအနေဖြင့် လွှတ်တော်ကိုယ်စားလှယ်ပေါင်း (၂၈၆)ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါတယ်။ ပါဝင်ယှဉ်ပြိုင်ခဲ့ကြတဲ့ တောင်သူလယ်သမားစစ်စစ်ကြီးတွေဟာ စိတ်ဓာတ်ကသာ ပြင်းထန်ပြီး နိုင်ငံရေးဆိုတဲ့ အတွေ့အကြုံနည်းတော့ ပြေးကားပြေး၏ ပန်းတိုင်မရောက်ဖြစ်ကာ ရွေးကောက်ပွဲအောင်နိုင်ခြင်းမရှိ ဖြစ်ခဲ့ရပါတယ်။

ကျွန်တော်တို့ တိုင်းပြည်မှာ ကျေးလက်နေပြည်သူဟာ တိုင်းပြည်လူဦးရေ၏ ၇၅ ရာခိုင်နှုန်း ရှိပြီး အားလုံးဟာ စိုက်ပျိုး၊ မွေးမြူရေးကို လုပ်ကိုင်နေကြတဲ့ ကျေးလက်နေ တောင်သူလယ်သမားများသာ ဖြစ်ကြပါတယ်။ တစ်နည်းအားဖြင့်ဆိုရရင် နိုင်ငံသားအားလုံး၏ ၇၅ ရာခိုင်နှုန်းသည် တောင်သူလယ်သမားများသာ ဖြစ်ကြပါတယ်။

ကျွန်တော်တို့ တောင်သူလယ်သမားများဟာ ဒီမိုကရေစီလည်း နားမလည်ဘူး၊ ဒီမိုကရက်တစ်လည်း နားမလည်ပါဘူး။ သူတို့ရဲ့ ဘဝမှာ စားဝတ်နေရေးနဲ့ပဲ လုံးပန်းနေတော့ ဘာမှမလေ့လာနိုင်ဘူး ဖြစ်နေကြပါတယ်။ ဒါတွေကို ကူညီဖြေရှင်းဖို့ ဘဝတူတောင်သူလယ်သမားပါတီက ကူညီဆောင်ရွက်သွားမယ်လို့ ပြောကြားပါရစေခင်ဗျာ။

တိုင်းသူပြည်သားအားလုံးဟာ ခေတ်ကျပ်တဲ့ကာလအတွင်းမှာ စီးပွားရေးများ အဘက်ဘက်က မလုပ်နိုင်ကြတော့တဲ့အတွက် စားဝတ်နေရေးကျပ်တည်းကြတာ ဘယ်သူမှငြင်းလို့မရကြပါဘူး။ ယခုလာမဲ့ ရွေးကောက်ပွဲအပြီးမှာ အစိုးရသစ် ပေါ်ပေါက်လာတော့မှာဖြစ်တဲ့အတွက် နိုင်ငံရေးအပြောင်းအလဲတွေ ရှိလာတော့မှာ ဖြစ်ပါတယ်။ နိုင်ငံရေးပြောင်းလဲလာရင် စီးပွားရေးလည်း ကောင်းမွန်လာမယ်ဆိုတာ သေချာပေါက်ဖြစ်မယ်လို့ ယုံကြည်ပါတယ်ခင်ဗျာ။ တိုင်းသူပြည်သားအားလုံးဟာ တိုက်ပွဲတွေဖြစ်တာရော၊ နိုင်ငံရေးပဋိပက္ခတွေ ဖြစ်တာရော စိတ်မဝင်စားကြဘူး၊ သူတို့စိတ်ဝင်စားတာ စီးပွားရေး တစ်ခုပဲဆိုတာ သိပါတယ်။ တိုင်းပြည်တည်ငြိမ်မှ စီးပွားရေးကောင်းမွန်မှာ ဖြစ်ပါတယ်။ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပပြီးရင် အရပ်သားအစိုးရတစ်ရပ်ပေါ်ပေါက်လာရင် တိုင်းပြည်တည်ငြိမ်သွားဖို့ သေချာသွားပြီဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီဟာ ပြည်ထောင်စုတစ်ဝန်းလုံးပြိုင်တဲ့ ပါတီကြီးတစ်ခု ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ ကိုယ်စားလှယ်တော်များဟာလည်း လူငယ်လူရွယ်များနဲ့ တကယ့်မြေပြင်မှာ လက်တွေ့လုပ်ငန်း လုပ်ဆောင်တဲ့သူတွေ များစွာပါဝင်ကြပါတယ်။ ရွေးကောက်ပွဲစနစ်ဟာ ဟိုးအရင်တုန်းကလို မဟုတ်တော့ဘဲ FPTP စနစ်၊ PR စနစ် ရောနှောပြီး လုပ်ဆောင်သွားမှာဖြစ်တဲ့အတွက် ကျွန်တော့်ပါတီရဲ့ ကိုယ်စားလှယ်များဟာ လွှတ်တော်ထဲကို အထိုက်အလျောက် ရောက်ရှိကြမှာ ဖြစ်ပါတယ်။

ကျွန်တော်ကတော့ ကျွန်တော့်ရဲ့ လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ပြည်သူတွေအပေါ်မှာ ကိုယ်ချင်းစာစိတ်ထားဖို့၊ ရိုးပင်းကူညီဖြေရှင်းဖို့၊ ပြည်သူတွေအပေါ်မှာ စိတ်ရင်းစေတနာ ကောင်းကောင်းထားပြီး သူတို့ရဲ့ ဘဝအခက်အခဲတွေကို လိုက်ပါဆောင်ရွက်ဖို့ပဲ အထူးမှာကြားထားပါတယ်ခင်ဗျာ။

ကျွန်တော်တစ်ခုလောက် တိုင်းသူပြည်သားတွေကို တင်ပြလိုပါတယ်။ အဲဒီအချက်ကတော့ အရေးကြီးဆုံးဖြစ်တဲ့ ဆင်းရဲမွဲတေမှုဆိုတဲ့ တိုင်းပြည်ရဲ့ ဘုံရန်သူကို တိုက်ထုတ်ပစ်ရမှာဖြစ်တယ်။

လူဆင်းရဲရင် စိတ်ဆင်းရဲမယ်၊ စိတ်ဆင်းရဲရင် အမြင်မကြည်လင်တော့ဘူး၊ အမြင်မကြည်ရင် ရန်လိုလာတယ်၊ ရန်လိုလာရင် ငြိမ်းချမ်းမှုဟာ ပျောက်ကွယ်သွားကြပါတယ်။

ဆင်းရဲမွဲတေမှုကို ဘယ်လိုတိုက်ဖျက်ပစ်ရမှာလဲလို့ဆိုရင် ကျွမ်းကျင်သူတွေနဲ့ ပေါင်းစည်းပြီး တိုက်ဖို့လိုပါတယ်။ ကျွမ်းကျင်သူဆိုတာ သူ့နေရာ၊ သူ့ဌာနကို ကျွမ်းကျင်တတ်မြောက်ထားတဲ့သူတွေကို ခေါ်ပါတယ်။

လယ်သမားက လယ်စိုက်တာကို ကျွမ်းကျင်တယ်
စစ်သားက စစ်တိုက်တာကို ကျွမ်းကျင်တယ်
အလုပ်သမားက စက်ရုံ၊ အလုပ်ရုံကိစ္စတွေကို ကျွမ်းကျင်တယ်
ကုန်သည်က အရောင်းအဝယ်ကို ကျွမ်းကျင်တယ်

ဘယ်လုပ်ငန်းမဆို ကျွမ်းကျင်မှ အကျိုးပေးတာ ဖြစ်ပါတယ်။ ဒါတွေကို လူမှန်နေရာမှန်ပြန်ဖြစ်အောင် နေရာချနိုင်ရင် ကျွန်တော်တို့ တိုင်းပြည် ချမ်းသာသွားမယ်ဆိုတာ သဘောပေါက် စေလိုပါတယ်။

နိုင်ငံရေးဆိုတာ အထွေအထူးမဟုတ်ပါဘူး။ ဗိုလ်ချုပ်အောင်ဆန်းကလည်း ပြောသွားဖူးပါတယ်။ နိုင်ငံရေးဆိုတာပြည်သူလူထု နိစ္စဓူဝ ဖြစ်တဲ့ စား၊ ဝတ်၊ နေရေးကို အကျိုးရှိအောင်ဆောင်ရွက်ပေးရတဲ့ အလုပ်ဖြစ်ပါတယ်လို့ ပြောသွားခဲ့ပါတယ်။ ကျွန်တော်တို့ နားလည်သင်ကြားခဲ့ရတာလည်း နိုင်ငံရေးဆိုတာ လူမှုရေး + စီးပွားရေး = နိုင်ငံရေးလို့ သင်ယူခဲ့ရတာပါ။

လူမှုရေးဆိုတာ အများပြည်သူတို့ရဲ့ဘဝကို ကူညီဆောင်ရွက်ရမယ်၊ ကယ်ဆယ်ရမယ်၊ ရိုင်းပင်းရမယ်၊ မျှတရမယ်ဆိုတဲ့ ကိုယ်ချင်းစာစိတ်မွေးပြီး လုပ်ရတဲ့ အလုပ်ဖြစ်ပါတယ်။

စီးပွားရေးဆိုတာကလည်း မိမိဘဝမြင့်မားတိုးတက်အောင်၊ မိမိပတ်ဝန်းကျင်မြင့်မားတိုးတက်အောင်၊ မိမိတိုင်းပြည် မြင့်မားတိုးတက်အောင်၊ စားဝတ်နေရေး အဘက်ဘက်က မြင့်မားတိုးတက်ပြေလည်အောင်ဆောင်ရွက်ခြင်းပဲ ဖြစ်ပါတယ်။

အဲဒီနှစ်ခုပေါင်းမှ လူမှုရေး + စီးပွားရေး = နိုင်ငံရေးဆိုတာ ဖြစ်ပေါ်လာတာပါ။

ဒါကြောင့် နိုင်ငံရေးဆိုတာ ပြည်သူကြားက ပေါက်ဖွားလာတဲ့ ပြည်သူတွေ ဦးဆောင်ပြီး ဆောင်ရွက်ရတဲ့လုပ်ငန်း ဖြစ်ပါတယ်။ နိုင်ငံတော်မှာလည်း နိုင်ငံ့ဝန်ထမ်းများဟာ ပါတီနိုင်ငံရေးကင်းရှင်းရမယ်လို့ ပြောထားပါတယ်။

နိုင်ငံ့ဝန်ထမ်းများဟာလည်း ပြည်သူကြားက ပေါက်ဖွားလာတဲ့ တိုင်းပြည်တာဝန်ထမ်းကြတဲ့ ပြည်သူတွေဖြစ်လို့ သူတို့ရဲ့ ဘဝပြည့်စုံဖူလုံဖို့ကလည်း အရေးကြီးလှပါတယ်။ ကုန်ဈေးနှုန်းတွေ တက်လာရင် အရပ်သားပြည်သူတွေအတွက်သာ ဈေးတက်တာ မဟုတ်ပါဘူး၊ တိုင်းပြည်တာဝန် ထမ်းဆောင်နေကြရတဲ့ ပြည်သူ့ဝန်ထမ်းတွေလည်း အတူတူခံကြရတာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီရဲ့ အလံတံဆိပ်ဟာ နဂါးနီ(၂)ကောင်အပေါ်မှာ လယ်သမားကြီးက




မားမားမတ်မတ် ရင်ကော့ပြီး ရပ်နေတဲ့ ပုံစံဖြစ်ပါတယ်။ နဂါးနီရဲ့ အဓိပ္ပာယ်ဟာ ဆင်းရဲခြင်း လွတ်ကင်းအောင် လမ်းပြဆောင်မယ်ဆိုတဲ့ အဓိပ္ပာယ်ရှိတာကြောင့် ဆင်းရဲသားများရဲ့ ဘဝ၊ လယ်သမားများရဲ့ ဘဝကို လမ်းပြ ဦးဆောင် ပေးသွားမယ်လို့ အဓိပ္ပာယ်ကောက်ယူလို့ ရပါတယ် ခင်ဗျာ။

ဒါကြောင့် အခုလာမယ့် အထွေထွေရွေးကောက်ပွဲကြီးမှာ လယ်သမားပါတီ နဂါးနီကို အားပေးကြပါလို့ ပြည်သူလူထု တစ်ရပ်လုံးကို တောင်းဆိုလိုက်ပါ တယ်ခင်ဗျာ။

ကျွန်တော်တို့ မြန်မာနိုင်ငံတော်ကြီးဟာ ရွေးကောက်ပွဲအပြီးမှာ ငြိမ်းချမ်းရေးနဲ့ စီးပွားရေးတစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်အောင်မြင်လာမယ်လို့လည်း ခန့်မှန်းသိရှိရပါတယ်။ မြန်မာနိုင်ငံနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ ပူးပေါင်းပြီး (BRI) One Belt One Road စီမံကိန်းကြီးလည်း အကောင်အထည်ဖော်ဆောင်ရွက်တော့မှာ ဖြစ်တဲ့အတွက် တိုင်းပြည်အတွက် အလုပ်အကိုင်အခွင့်အလမ်းများ များစွာပေါ်ထွန်းပြီး ကမ္ဘာ့ဈေးကွက်ကို ချိတ်ဆက်နိုင်ပြီး ဖွံ့ဖြိုးတိုးတက်မှုများရဲ့ အသီးအပွင့်များကိုလည်း ခံစားရတော့မှာဖြစ်ပါတယ်လို့ ပြောကြားလိုပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီအနေနဲ့ ပြည်သူတွေကို ကတိပေးနိုင်တာကတော့ တခြားကိစ္စအရေးများထက် တိုင်းသူပြည်သားရဲ့ မီးဖိုချောင်ကို သေသေချာချာ ကာကွယ်စောင့်ရှောက်ပြီး မိသားစုအားလုံး စားဝတ်နေရေးပြေလည်အောင် ကြိုးစားဆောင်ရွက်သွားပါမယ်လို့ ပြောကြားရင်းနဲ့ပဲ နိဂုံးချုပ်အပ်ပါတယ်ခင်ဗျာ။

**ပါတီ၏သီချင်းစာသား**

**နဂါးပါတီ**

တေးရေး - ရွှေငြိမ်းမင်း
တေးဆို - ရွှေမန်းခေတ်

(မြန်မာနိုင်ငံ တောင်သူလယ်သမား
ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေးရှုခဲ့သည် ....
အများတကာညီ တရားမကွာပြီ
နဂါးပါတီ အားသာသည်
ညီညီညာညာ စည်းလုံးခြင်းနဲ့ ပြည်သူအကျိုးကို ထမ်းဆောင်လာကြသည် ......
စိတ်ထားတူညီမဲပေးကြမည် .......
ဒို့နဂါးပါတီအောင်လံလွှင့်ကာချီ ...)၂
(မင်္ဂလာပါ ပြည်သူအပေါင်းတွေ
သောင်းသောင်းဖြဖြကြိုဆိုနေပြီ… နဂါးပါတီ မေတ္တာတရားနဲ့
တိကျပြတ်သား စိတ်ထားခိုင်မာသည် .... မင်္ဂလာပါ
ပြည်သူအပေါင်းတွေ
သောင်းသောင်းဖြဖြ ကြိုဆိုနေပြီ)....
ဒို့တောင်သူလယ်သမားတွေ
တိုးတက်မှုအား ခန့်ညားထည်ဝါသည်
တိုင်းပြည်လူမျိုး ဆတက်ထမ်းပိုး
ကောင်းစားဖို့ အချိန်ခါရောက်လာပြီ
ဘာသာရောင် သာသနာရောင်တွေ
ဝင်းပထိန်ချီ အများတကာညီ
တရားမကွာပြီ နဂါးပါတီ အားသာသည် ...
ညီညီညာညာစည်းလုံးခြင်းနဲ့ .
ပြည်သူအကျိုးကို ထမ်းဆောင်လာကြသည်
စိတ်ထားတူညီမဲပေးကြမည်
ဒို့နဂါးပါတီအောင်လံ လွှင့်ကာချီ .......၂

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ စုပေါင်းသွေးလှူ

**မုံရွာ နိုဝင်ဘာ ၈**

(၃၇)ကြိမ်မြောက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စုပေါင်းသွေးလှူဒါန်းခြင်းကို နိုဝင်ဘာ ၅ ရက်က မုံရွာမြို့ အမှတ်(၄)တပ်မတော်ဆေးရုံ (ခုတင်-၃၀၀)ရှိ အမျိုးသားလူနာခွဲစိတ်ကုသဆောင်၌ ပြုလုပ်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးအတွင်းရေးမှူး၊ အမှတ်(၄) တပ်မတော်ဆေးရုံ (ခုတင်-၃၀၀) ဗိုလ်မှူးကြီး မြတ်မင်းခန့်နှင့် တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဝင်များက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်း ၆၅ ဦး၏ စုပေါင်းသွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများ၊ ဆေးဝါးများ ပေးအပ်သည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးများနှင့် အဖွဲ့သည် အဆိုပါ အမှတ်(၄) တပ်မတော်ဆေးရုံ(ခုတင်-၃၀၀)တွင် တက်ရောက်ကုသမှုခံယူနေသော လူနာများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ၊ လက်ဆောင်ပစ္စည်းများ၊ ဆေးဝါးများနှင့် ဆေးရုံဘက်စုံအသုံးပြုနိုင်ရန်အတွက် အလှူငွေများကို တာဝန်ရှိသူထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ပြည်မြို့နယ်၌ မိုးနှောင်းဝါကောက်သိမ်းမှု တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှု

**ပြည် နိုဝင်ဘာ ၈**

ပြည်မြို့နယ်အတွင်း သမဝါယမအသင်းစုပိုင်ငွေဖြင့် ဆောင်ရွက်သည့် သမဝါယမအသင်း ခုနစ်သင်း၏ Raka- 666(BT)မျိုးများဖြင့် စိုက်ပျိုးထားရှိသော ဝါစိုက်ဧက ၂၇၀၀၊ သမဝါယမအသင်းသား ၅၆၅ ဦးရှိသည့် အနက် ဝန်တင်ဆိပ်ကျေးရွာ ဝန်တင်ဆိပ် စိုက်ပျိုးရေးနှင့်အထွေထွေ သမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးသိန်းဦး၏ မိုးနှောင်းဝါ စိုက်ပျိုးသော ယာမြေ နှစ်ဧကကို ပထမအကြိမ် ကောက်သိမ်းခဲ့ရာ တစ်ဧကလျှင် ဝါ ပိဿာ ၃၀၀ နှုန်းဖြင့် စုစုပေါင်း ၂ ဧကအတွက် ပိဿာ ၆၀၀ ထွက်ရှိခဲ့ပြီး အဆိုပါ မိုးနှောင်းဝါကောက်သိမ်းမှုကို မြို့နယ်သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြို့နယ်သမဝါယမအသင်းစုမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မိုင်းခတ်၌ စာဖတ်ရှိန်မြှင့်တင်ရေး စာအုပ်စာစောင်များ ငှားရမ်းပေး

**မိုင်းခတ် နိုဝင်ဘာ ၈**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ Mobile Library စနစ်ဖြင့် စာအုပ်စာစောင်များ အခမဲ့ငှားရမ်းပေးခြင်းနှင့် စာအုပ်များ အသစ်လဲလှယ်ပေးခြင်းကို ယမန်နေ့က မိုင်းခတ်မြို့ အမှတ်(၁)ရပ်ကွက်၌ စာဖတ်ပရိသတ်များထံ စာအုပ်များ ငှားရမ်းပေးခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက စာကြည့်တိုက်သို့ လာရောက် ငှားရမ်းရန် အခက်အခဲရှိသည့် စာဖတ် ပရိသတ်များအတွက် သုတ၊ ရသစာအုပ်များကို Mobile Library စနစ်ဖြင့် ငှားရမ်းပေးလျက်ရှိရာ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာရုံးများမှ ဝန်ထမ်းများ၊ အခြေခံပညာကျောင်းမှ ကျောင်းသား ကျောင်းသူများ၊ ရပ်ကွက်နေ ပြည်သူများအား စာအုပ်စာစောင်များ ငှားရမ်းပေးခြင်းနှင့် အသစ်လဲလှယ်ပေးခြင်းတို့ကို အပတ်စဉ် သောကြာနေ့တိုင်း ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နန်းနွယ်နီ(ပြန်/ဆက်)**



သရက်မြို့၌ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ခရိုင်၊ မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးမှ ဝန်ထမ်းများက လျှပ်စစ်အန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို နိုဝင်ဘာ ၇ ရက်က အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

## ဒဂုံတက္ကသိုလ်၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြော

**ရန်ကုန် နိုဝင်ဘာ ၈**

ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာနနှင့် ဒဂုံတက္ကသိုလ်တို့ပူးပေါင်း၍ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ယမန်နေ့က ဆောင်ရွက်သည်။



ဦးစွာ ဒဂုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာဝင်းဝင်းသန်းက အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီးသစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလင်းထင်က သစ်တောသစ်ပင်များသည် ကမ္ဘာ့ဂေဟစနစ်အတွက် အရေးပါသောကြောင့် ထိန်းသိမ်းစောင့်ရှောက်ရန်လိုကြောင်း၊ တောမီးလောင်ကျွမ်းရခြင်းအကြောင်းရင်းများ၊ တောမီးအမျိုးအစားများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက မေးမြန်းသောမေးခွန်းများကို ပြန်လည်ဖြေကြားသည်။

**ဖွဲ့မင်းထက်(ပြန်/ဆက်)**



## ကျိုက်ခမီမြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြော

**ကျိုက်ခမီ နိုဝင်ဘာ ၈**

ရောဝတီတိုင်းဒေသကြီး ကျိုက်ခမီမြို့နယ် ဘက်ရဲမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဥပဒေရုံး၊ အခြေခံပညာဦးစီးဌာနနှင့် Book Club အဖွဲ့ဝင်များ ပူးပေါင်း၍ နိုဝင်ဘာ ၆ ရက်က လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို အဆိုပါ ကျောင်းရှိ တေဇခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မိုးမြင့်က လူငယ်ရေးရာဟောပြောပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး လူငယ်နှင့် ဘဝစာကြည့်တိုက် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Book Club အဖွဲ့ဝင် မြန်မာနိုင်ငံစာရေးဆရာအသင်းအဖွဲ့ဝင် ဦးအေးမြင့်အောင်(မိုးမြေသစ္စာ)က လူငယ်နှင့် ဘဝဖြည့်တည်မှု ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မြို့နယ်ဥပဒေရုံးမှ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်ခင်ထိုက်ထိုက်ပန်က ပြစ်မှု၊ ပြစ်ဒဏ်များ၊ လူကုန်ကူးခြင်း၊ မူးယစ်ဆေးဝါး ရောင်းဝယ်သုံးစွဲလျှင် ကျခံရမည့် ပြစ်မှုများနှင့် ဥပဒေရုံးမှ ဆောင်ရွက်ရသည့် လုပ်ငန်းကိုလည်းကောင်း ဆွေးနွေးဟောပြောသည်။ ထို့နောက် အထက(ဘက်ရဲ) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ထက်ထက်မြင့်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

## တာချီလိတ်မြို့၌ အခွန်ဆိုင်ရာအသိပညာပေး ဆွေးနွေး

**တာချီလိတ် နိုဝင်ဘာ ၈**

တာချီလိတ်မြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနက ၂၀၂၅ ခုနှစ် ပြည်ထောင်စုအခွန်အကောက်ဥပဒေအပါအဝင် ပြည်တွင်းအခွန်များဦးစီးဌာနက စည်းကြပ်ကောက်ခံလျက်ရှိသည့် အခွန်များနှင့် စပ်လျဉ်း၍ အခွန်ဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၆ ရက်က ခရိုင်နှင့်မြို့နယ် စုပေါင်းရုံးရှိ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတွင် ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။



အဆိုပါ ရှင်းလင်းဆွေးနွေးပွဲတွင် မြို့နယ်အခွန်ဦးစီးဌာနမှူး ဒေါ်ဘောမြာက အခွန်ကဏ္ဍတစ်ရပ်ချင်းအလိုက် သိကောင်းစရာများ၊ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များအား လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အသိပညာပေးရှင်းလင်း ဆွေးနွေးပြီး အခွန်ထမ်းပြည်သူများသိလိုသည့် မေးမြန်းဆွေးနွေးချက်များကို ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

❑ **နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ရာသီပြည့်သီးနှံစိုက်ပျိုးရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် နည်းပညာပေးဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၈**

နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီး ရဲမိုးသည် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၆ ရက်က ပျဉ်းမနားမြို့နယ် ငကောင်းကံအုပ်စု ဇီးကုန်းကျေးရွာ KC ခန်းမ၌ တောင်သူများနှင့် တွေ့ဆုံ၍ ရာသီပြည့်သီးနှံစိုက်ပျိုးရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် နည်းပညာပေး အခမ်းအနားသို့ တက်ရောက်သည်။



ဦးစွာ နေပြည်တော်ကောင်စီဝင်က လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရာမှာ လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ အပြည့်အဝပြောင်းလဲ ကျင့်သုံးရေးသည်လည်း အလွန်အရေးပါလျက်ရှိကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် သီးနှံများ အောင်မြင်ဖြစ်ထွန်းရန် မျိုး၊ မြေ၊ ရေ၊ နည်း စသည့်ကဏ္ဍ(၄)ရပ်က အရေးပါသလို စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၏ ပူးပေါင်းပါဝင်မှုနည်းစနစ်များကို စနစ်တကျ လိုက်ပါဆောင်ရွက်မှုတို့ကလည်း အလွန်အရေးကြီးကြောင်း၊ တောင်သူများအား ဓာတ်မြေဩဇာများ ဈေးနှုန်းသက်သာစွာ တိုက်ရိုက်ဖြန့်ဖြူးပေးနိုင်ရေးအတွက် နေပြည်တော်ကောင်စီနယ်မြေအတွင်း ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေး ဝိုင်းဝန်းကြိုးပမ်းသွားကြရန် ပြောကြား၍ တောင်သူများထံ မျိုးစေ့များ ထောက်ပံ့ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## တံတားမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေးအခမ်းအနား ကျင်းပ

**တံတား နိုဝင်ဘာ ၈**

တံတားမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားကို နိုဝင်ဘာ ၅ ရက်က တာပကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် တာပကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမြင့်စန်းဦးက အမှာစကားပြောကြားပြီး တံတားမြို့ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးဖြူလွင်က စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနား ကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ကျပန်းစကားပြောပြိုင်ပွဲကို ကျင်းပရာ ကျောင်းသား ကျောင်းသူ ငါးဦးက လူငယ်နှင့်မူးယစ်ဆေးဝါး၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့် စာပေ၊ လူငယ်နှင့်ရည်မှန်းချက်၊ လူငယ်နှင့် ယဉ်ကျေးမှု ခေါင်းစဉ်များဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ထို့နောက် ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ၊ ဂိမ်းကစားပြိုင်ပွဲများ ဆက်လက်ကျင်းပရာ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **တံတား(ပြန်/ဆက်)**



## တီးတိန်မြို့၌ အသိပညာပေးဟောပြော

**တီးတိန် နိုဝင်ဘာ ၈**

တီးတိန်မြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပညာရေးမှူး ဒေါ်ငိုင်ဆောမ်းညောင်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ဒိုင်းခန့်ဒိမ့်၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ခံ ဒေါ်ကျိန်ခန့်ဒိမ့်နှင့် အထက်တန်းပြဆရာမ ဒေါ်ညောင်းငိုက်လွှန်းတို့က လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့် မြတ်ပညာ စသည့် ခေါင်းစဉ်များဖြင့် ဟောပြောကြသည်။

**မြို့နယ်(ပြန်/ဆက်)**



## လယ်ဝေးမြို့နယ်၌ ကျေးလက်လမ်း လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**လယ်ဝေး နိုဝင်ဘာ ၈**

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော လယ်ဝေးမြို့နယ်အတွင်းရှိ ကျေးလက်လမ်း၊ တံတားတည်ဆောက်ခြင်းလုပ်ငန်းခွင်များသို့ ယမန်နေ့က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းရာတွင် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၊ နေပြည်တော်၊ တိုင်း၊ ခရိုင်၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစေရေး၊ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သနပ်ပင်မြို့၌ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးများအား ပုံမှန်ကာကွယ်ဆေးထိုးနှံ တိုက်ကျွေး

**သနပ်ပင် နိုဝင်ဘာ ၈**

သနပ်ပင်မြို့နယ်၌ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက် နှစ်လမှ တစ်နှစ်ခွဲအထိ ကလေးများအား ပုံမှန်ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းကို နိုဝင်ဘာ ၅ ရက်က မြို့နယ်ပြည်သူ့ဆေးရုံကြီး၌ ဆောင်ရွက်သည်။



အဆိုပါ ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်းလုပ်ငန်းများဖြစ် အသက်နှစ်လမှ တစ်နှစ်ခွဲထိ ကလေးငယ်များအား ပိုလီယိုရောဂါ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ (ရိုတာ) ကာကွယ်ဆေးများ တိုက်ကျွေးခြင်း၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက် အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး)၊ ဝက်သက်၊ ဂျိုက်သိုး၊ ပြင်းထန်အဆုတ်ရောင်ရောဂါ ကာကွယ်ဆေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ကာကွယ်ဆေးများ ထိုးနှံပေးပြီး လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**

## ကျောက်တန်းမြို့နယ်၌ စာဖတ်ရှိန် မြှင့်တင်ရေးပြိုင်ပွဲများ ကျင်းပ

**ကျောက်တန်း နိုဝင်ဘာ ၈**

ကျောက်တန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအဖြစ် လူငယ်စကားဝိုင်း၊ ကဗျာရွတ်ဆိုပြိုင်ပွဲများနှင့် ဂိမ်းကစားပြိုင်ပွဲများကို နိုဝင်ဘာ ၆ ရက်က အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာ ဦးစီးအရာရှိ ဦးသန့်ဇင်ထွန်းက လူငယ်စကားဝိုင်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမိစံက ကျေးဇူးတင်စကား ပြောကြားသည်။




ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး အထကခွဲမှ ကျောင်းသား ကျောင်းသူများက မိမိတို့နှစ်သက်ရာ ခေါင်းစဉ်အလိုက် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သန့်ဇင်ထွန်း**

## ပြင်ဆင်ဖတ်ရှုပါရန်

နိုဝင်ဘာ ၈ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ - ၁၉ ပါ ပဲခူး-မော်လမြိုင် ရထားလမ်းပိုင်းအတွင်း ဘီးလင်းမြို့နယ်၊ သိမ်ဆိပ်နှင့် ဒုံဝန်းဘူတာအကြား အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ကျောက်ရထားလမ်းချော်ကျမှု ဖြစ်ပွားခဲ့သည့် သတင်းတွင် ဖော်ပြပါရှိသည့် ဖြစ်စဉ်ဖြစ်ပွားသည့် ရက်ကို နိုဝင်ဘာ ၆ ရက် အစား နိုဝင်ဘာ ၇ ရက်ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**မြန်မာ့မီးရထား**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**



ကျောက်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိမှုကို တွေ့ရစဉ်။



ကျောက်မဲမြို့ မြို့ကျက်သရေဆောင်ခန်းမ လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိမှုကို တွေ့ရစဉ်။

# ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် ကျောက်မဲမြို့၌ လျှပ်စစ်မီးများ ပြန်လည်ရရှိ

**နေပြည်တော် နိုဝင်ဘာ ၈**

တပ်မတော်က ပြည်သူလူထု အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် အကြမ်းဖက်မှုချေမှုန်းရေး စစ်ဆင်ရေး(Counter Terrorism Operation) ကို တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့် ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) ရှိ ကျောက်မဲမြို့အား ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် အလုံးစုံပြန်လည်ထိန်းချုပ်နိုင်ခဲ့သည်။ အကြမ်းဖက်သမားများက ကျောက်မဲမြို့အား ခေတ္တထိန်းချုပ်ထားစဉ်ကာလအတွင်း ဌာနဆိုင်ရာအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို မီးရှို့၊ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်ခဲ့ကြသဖြင့် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် ဒေသခံပြည်သူလူထု၏ လူမှုစီးပွားဘဝတိုးတက်ရေးအတွက် စာသင်ကျောင်းနှင့် ဆေးရုံဆေးခန်းများ ပြန်လည်ဖွင့်လှစ်ပေးနိုင်ရေးကို ဦးစားပေးဆောင်ရွက်ခဲ့ပြီး ဒေသတွင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုသည့် လျှပ်စစ်ဓာတ်အားများကိုလည်း အမြန်ဆုံးရရှိအောင် ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ခဲ့ရာ ကျောက်မဲမြို့နယ်ရှိ နမ့်စောင်းငေါင်း ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ ၁၁ ကေဗွီ ဓာတ်အားလိုင်းကို ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၄ ရက် ညနေ ၆ နာရီတွင် လက်ခံရရှိခဲ့ပြီး အဆိုပါဓာတ်အားလိုင်းမှတစ်ဆင့် ၁၁/၀.၄ ကေဗွီ ၄၀၀ ကေဗွီအေ ရဲစခန်းထရန်စဖော်မာ၊ ၁၁/၀.၄ ကေဗွီ ၃၁၅ ကေဗွီအေ ကမ္ဘောဇထရန်စဖော်မာ၊၁၁/၀.၄ ကေဗွီ ၁၀၀ ကေဗွီအေ လျှပ်စစ်ရုံး ယာယီထရန်စဖော်မာနှင့် ၁၁/၀.၄ ကေဗွီ ၅၀ ကေဗွီအေ ဆေးရုံယာယီထရန်စဖော်မာတို့အား ဓာတ်အားများ ပို့လွှတ်ပေးနိုင်ခဲ့သည်။

အဆိုပါထရန်စဖော်မာများသို့ ဓာတ်အားပို့လွှတ်ပေးနိုင်မှုကြောင့် ဌာနဆိုင်ရာများ ယာယီရုံး (ကမ္ဘောဇရှမ်းကျောင်းကြီး)၊ ခရိုင်မီးသတ်ဦးစီးဌာန၊ ခရိုင်/မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ မြို့နယ်မြေစာရင်းဦးစီးဌာန၊ ခရိုင်စီမံကိန်းရုံး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စာရင်းရုံး၊ မြို့မရဲစခန်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမဦးစီးဌာန၊ ပြည်သူ့ဆေးရုံနှင့် ခရိုင်/ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံး၊ မြန်မာ့စီးပွားရေးဘဏ်၊ ကျောက်မဲမြို့ ကျက်သရေဆောင်ခန်းမတို့၌ လျှပ်စစ်မီးများ ပြန်လည်ရရှိနေပြီဖြစ်ပြီး ကျန်ရှိသည့်နေရာများအား တာဝန်ရှိသူများနှင့် ပူးပေါင်း၍ လျှပ်စစ်မီးများ အမြန်ဆုံးရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။**သတင်းစဉ်**



ကျောက်မဲခရိုင်မီးသတ်ဦးစီးဌာန လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိမှုကို တွေ့ရစဉ်။



ကျောက်မဲမြို့ ပြည်သူ့ဆေးရုံကြီး လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိမှုကို တွေ့ရစဉ်။

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ၊ လိုင်စင်မဲ့မော်တော်ယာဉ်များ၊ တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များနှင့် ရေယာဉ်ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၈**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၁ ရက်၊ ၂ ရက်နှင့် ၃ ရက်တို့တွင် စစ်ကိုင်းမြို့နယ် ကံကြီးကုန်းကျေးရွာ၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၀၁ မျိုး၊ လျှပ်စစ်ပစ္စည်း ရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၁၇၄၄၅၀၀) ကိုလည်းကောင်း၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခုနစ်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၄၅၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၆၈၈၉၅၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၅ ရက်တွင် ပုသိမ်ကြီးမြို့နယ်၊ ပျော်ဘွယ်မြို့နယ်၊ အမရပူရမြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် ကျောက်ဆည်မြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၃ ဒသမ ၆၅၄ တန်၊ သစ်မာ ၁ ဒသမ ၁၃၄ တန်၊ အခြားသစ် ၂၅ ဒသမ ၆၀၅ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၁၀၃၇၂၀)နှင့် အဆိုပါသစ်များ တင်ဆောင်ထားသည့် Mitsubishi Canter Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၁၀၃၇၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် ကော့မှူးမြို့နယ်နှင့် အင်းစိန်မြို့နယ်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၈၀၈ တန်၊ သစ်မာ ၀ ဒသမ ၅၂၀ တန်၊ အခြားသစ် ၀ ဒသမ ၅၉၉ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၄၆၄၄၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ အင်းစိန်မြို့နယ်၊ ထန်းတပင်မြို့နယ်၊ ဒေါပုံမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုဇွန်တောင်မြို့နယ်နှင့် သာကေတမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်နှစ်စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်ငါးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၈၉၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၄၃၆၄၄၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၆ ရက်တွင် မြန်အောင်မြို့နယ်အတွင်း၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၃၄၆ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၇၄၆၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၆ ရက်တွင် ဘုရားကြီးမြို့နယ် ဝက်ဘော်ကျေးရွာအနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၀၉၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် King Long Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) ကိုလည်းကောင်း၊ နိုဝင်ဘာ ၇ ရက်တွင် ရန်ကုန်မြို့ မုတ္တမဆိပ်ကမ်း(လှိုင်သာယာ) ၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်တစ်စင်းပေါ်မှ သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေညာလွှာ (ID) ပါ ဖော်ပြချက်နှင့် ကိုက်ညီမှန်ကန်မှုရှိသည့် လုပ်ငန်းသုံး ပစ္စည်း ၁၈ မျိုးနှင့် လူသုံးကုန်ပစ္စည်းကိုးမျိုးတို့အား အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခွင့်ပြုပေးခဲ့ပြီး သွင်းကုန်ကြေညာလွှာ(ID)တွင် ဖော်ပြထားခြင်းမရှိသော အကောက်ခွန်မဲ့ ကုန်ပစ္စည်းများဖြစ်သည့် လုပ်ငန်းသုံးပစ္စည်း ၇၈ မျိုး၊ လူသုံးကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၈၄၉၅၉၅၆၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် MV. SDF ရေယာဉ်တစ်စင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၆၉၀၅၄၅၆၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲ ဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ် နိုဝင်ဘာ ၁ ရက်မှ ၇ ရက်အထိ ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ (၄၃)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၈၀၉၅၈၈၂၀) ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှု စွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

◆ *ကျောဖုံးမှ*

ခန့်မှန်းတန်ဖိုးငွေကျပ်သန်း ၆၄၇၇ ဒသမ ၁၂၀ နှင့် တရားမဝင်ကုန်စည်များ တင်ဆောင်လာသည့် မော်တော်ယာဉ်များ အပါအဝင် လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် လိုင်စင်မဲ့ မော်တော်ဆိုင်ကယ်များ ဖမ်းဆီးရမိခဲ့သည်။

သတင်းပေး တိုင်ကြားမှုများကြောင့် အကောက်ခွန်မဲ့ ကုန်ပစ္စည်းများဖြစ်သည့် စက်မှုကုန်ကြမ်းပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ အီလက်ထရောနစ်ပစ္စည်းများ၊ တရားမဝင် သစ်မျိုးစုံနှင့် ဆေးဝါးများ ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်ပို့/တင်သွင်းမှုများကြောင့် နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက်များနှင့်အညီ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အဓိကအဟန့်အတားဖြစ်ပေါ်စေပြီး လူမှုစီးပွားရေးကဏ္ဍအပေါ်များစွာ ဆိုးကျိုးသက်ရောက်ခြင်းကြောင့် တာဝန်သိ ပြည်သူများအနေဖြင့် တရားမဝင် တင်ပို့/တင်သွင်းမှုများအား သတင်းပေး တိုင်ကြားရန်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလအတွင်း သတင်းပေးတိုင်ကြားခဲ့သည့် တာဝန်သိ ပြည်သူများကိုလည်း လျှို့ဝှက်ပေးထားမည်ဖြစ်ပြီး ဖမ်းဆီးရမိမှု ခန့်မှန်းတန်ဖိုးငွေကျပ်သန်း ၆၄၇၇ ဒသမ ၁၂၀ ၏ ၂၀ ရာခိုင်နှုန်းဖြစ်သော ငွေကျပ် ၁၂၉၅ ဒသမ ၄၂၄ သန်းကို သတင်းပေးဆုကြေးငွေအဖြစ် ချီးမြှင့်ပေးသွားမည်ဖြစ်သဖြင့် သက်ဆိုင်ရာဌာနများမှ မြန်မြန်ဆန်ဆန် ဆုချီးမြှင့်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် တာဝန်သိ ပြည်သူများအနေဖြင့် တရားမဝင်ကုန်သွယ်မှုသတင်းများနှင့်ပတ်သက်၍ လက်ကိုင်ဖုန်း- ၀၉-၆၉၉၆၁၁၁၁၆၊ အော်တိုတယ်လီဖုန်းနံပါတ်-၀၆၇-၄၀၉၈၈၃ နှင့် အီးမေးလ် antiillegaltradeinfo@gmail.com သို့ သတင်းပေးပို့တိုင်ကြားနိုင်ပါကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



မြန်မာရေးရာ Myanmar Affairs မြန်မာရေးရာ(၃၃) (အောက်တိုဘာ၊ ၂၀၂၅) ထွက်ပြီ

"မဲရုံကိုသွားကြစို့ – မြန်မာနိုင်ငံ၏အနာဂါတ်ကိုမဲတစ်ပြားဖြင့် တရားဝင်ပုံဖော်ခွင့်ရခြင်း"

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလထုတ် မြန်မာရေးရာ အမှတ်စဉ်-၃၃ တွင်

- မဲရုံကို ဒီတစ်ခါ... လေးနက်ပျော်ရွှင်စွာနဲ့
- အမျိုးသားအကျိုးစီးပွားဆိုသည်မှာ
- မင်းတုန်းမင်းလက်ထက် သတင်းစာဘာသာပြန်
- "စီးပွားရေးပညာ နှစ်(၁၀၀)" ရာပြည့်စာတမ်းဖတ်ပွဲအတွေ့အကြုံ
- ကြက်တူရွေးစာအံမှသည် လူဆန်သော လေ့ကျင့်ပေးသည့် မြန်မာ့ပညာရေးသို့
- ရှေးဟောင်းအမွေအနှစ်ပစ္စည်းများ နိုင်ငံတော်သို့အပ်နှံခြင်းနှင့် စပ်လျဉ်း၍ သိသင့်သိထိုက်သည့် အချက်များ

အပါအဝင် အခြားစိတ်ဝင်စားဖွယ်ရာ ဆောင်းပါးများ စုံလင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်ပါသည်။

တစ်အုပ် (၈၅၀၀) ကျပ် — စာပေဗိမာန်စာအုပ်အရောင်းဆိုင်များနှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

(ဖြန့်ချိရေး) မြန်မာရေးရာလေ့လာရေးအဖွဲ့ ဖုန်း-၀၁-၈၃၈၇၅၆၈

❑ *ကျောဖုံးမှ*

နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားတယ်။ ထို့အပြင် ဂိုးသမား ဒွန်နာရမ်မာဆိုရင်လည်း ခုနစ်ပွဲကစားပြီး သုံးပွဲဂိုးမပေးရအောင် စွမ်းဆောင်ထားနိုင်တယ်။ ပြိုင်ဘက်လီဗာပူးက ဒီရာသီအဝေးကွင်း ငါးပွဲမှာနှစ်ပွဲသာ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်တယ်။

ထို့ကြောင့် အိမ်ကွင်းစွမ်းဆောင်ရည် ကောင်းမွန်မှုရှိတဲ့ မန်စီးတီးကို အဝေးကွင်း စွမ်းဆောင်ရည်အားနည်းတဲ့ လီဗာပူးအသင်း ခက်ခက်ခဲခဲ ရုန်းကန်ရနိုင်တယ်။ ဒီနှစ်သင်း နောက်ဆုံးသုံးကြိမ် ထိပ်တိုက်တွေ့ဆုံမှုမှာ လီဗာပူးအသင်းက အသာရထားပြီး နှစ်ကြိမ်နိုင်ပြီး တစ်ကြိမ် သရေကျထားတယ်။ ထို့ကြောင့် မန်စီးတီးအသင်းသည် လီဗာပူးနှင့်တွေ့ဆုံတိုင်း ရလဒ်မကောင်းတတ်သည့် အစဉ်အလာကို ယခုပွဲမှာချေဖျက်သွားနိုင်မလား သို့တည်းမဟုတ် ရလဒ်ဆိုးနဲ့ ထပ်မံကြုံတွေ့သွားမည်လား စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။ **အောင်ဇော်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ အင်း၀(၄)လမ်း၊ မြေကွက်အမှတ်(၅၃၀/က) ဟုခေါ်တွင်သော မြေအလျားXအနံ(၂၀X၆၀)ပေရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခင်ဝင်းရီ(G/RGN-၀၁၃၉၂၆)နှင့် ခင်ပွန်း ဦးတင်အုန်းတို့မှ တူမဖြစ်သူ ဒေါ်ဖြိုးဖြိုးခိုင် (၁၂/ဗဟန(နိုင်)၀၁၇၂၃၆ အား မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းစာချုပ်ဖြင့် အပြီးအပိုင်ပေးကမ်းခဲ့သဖြင့် ဒေါ်ဖြိုးဖြိုးခိုင်မှ တရားဝင်လက်ရောက် ရရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်ကြသည့် ဦးသာတင်အောင် (၁၂/တမန(နိုင်)၀၁၆၄၇၉)နှင့် ဒေါ်ခင်ဝင်းမော်(၁၂/မဂတ(နိုင်) ၀၂၇၃၉၆)တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဝင်းသူရဇော်(LL.B)** အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆)

**ဒေါ်ယမင်းထွေး(LL.B)** တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅)

**ဦးရဲသီဟ(LL.B)** အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆)

အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊

ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇

## အမည်ပြောင်း

ပြည်မြို့၊ ရွာဘဲရပ်ကွက်နေ ဦးစိုးထက်ခေါင် ၁၁/ဂမန(နိုင်) ၀၃၈၄၃၀၏သမီး ပြည်မြို့ Sacred Heart ကိုယ်ပိုင် အထက်တန်းကျောင်း Grade-5 မှ မသျှားထက်သံစဉ် အား မဟေသာမြတ်ဆု ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မဟေသာမြတ်ဆု**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပင်းတယမြို့၊ အ.မ.က(အုံအက်)မှ လ/ထ မူပြတာဝန်ထမ်းဆောင်လျက်ရှိသော ဒေါ်သက်သက်စော ၏ဖခင် ဦးကျော်သိန်းနှင့် ဦးဘသိန်း(၁၃/ပတယ(နိုင်)၀၁၁၈၅၉) မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

# စဉ့်ကိုင်မြို့နယ်အတွင်း ကျေးလက်လမ်းဆောင်ရွက်နေမှုများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး



**စဉ့်ကိုင် နိုဝင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝပိုမိုအဆင်ပြေစေရန်အတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေကျပ် ၄၄၄ ဒသမ ၄၅ သန်းဖြင့် ကျေးလက်လမ်း လေးခု ဆောင်ရွက်နေမှုကို ယမန်နေ့မွန်းလွဲပိုင်းက ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန (ရုံးချုပ်) မှ ဒုတိယညွှန်ကြားရေးမှူးချုပ် (တည်ဆောက်ရေး) ဒေါက်တာထွန်းမြင့်အောင်၊ မန္တလေးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဇေယျာဝင်းနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်မီစွာ ဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သွေးသည် အသက်



နိုဝင်ဘာ ၇ ရက်က ဆင်ပေါင်ဝဲမြို့ အမှတ် (၃) ရပ်ကွက်ရှိ ဘုရားငါးဆူစေတီတော်မြတ်ကြီး၏ အဆောက်အအုံများ မီးဘေးလုံခြုံရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဆန်းဝင်း ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ ဆောင်ရွက်ကြစဉ်။ ခန့်ဝင်း(ဆင်ပေါင်ဝဲ)

**တစ်အိမ်လုံးတွင် မည်သူမျှမရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှု အားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ**

# ရေကြောင်းလုံခြုံရေးပင်လယ်ပြင်လေ့ကျင့်ခန်း (Maritime Security Exercise) ဆောင်ရွက်စဉ် ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာခြင်း

၁။ ရေကြောင်းလုံခြုံရေး ပင်လယ်ပြင်လေ့ကျင့်ခန်းအား ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၁၀ ရက်မှ ၁၄ ရက်အထိကာလအတွင်း ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်း ရေပြင်၌ ရေပြင်၊ ဝေဟင်၊ ရေအောက် လေ့ကျင့်ခန်းများနှင့် လက်နက် လေ့ကျင့်ပစ်ခတ်ခြင်းများ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ လေ့ကျင့်ခန်းဧရိယာအဖြစ် Point A မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ်၊ Point B မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point C မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point D မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ်စသည့် Coordinates အမှတ်များ ဆက်ဆွဲထားသည့်ဧရိယာအား သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာထားရှိပြီး ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ လေ့ကျင့်ခန်း ဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာမှ ၅ မိုင်ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်/ စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀ (တစ်သောင်းငါးထောင်) အောက် ဖြတ်ကျော်ပျံသန်းခြင်းမပြုကြရန် အသိပေးကြေညာအပ်ပါသည်။

**သတင်းစဉ်**



## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးမြို့နယ်၊ ဥသျှောမြို့သစ်၊ ရပ်ကွက်ကြီး(၁)၊မြေတိုင်းအမှတ်(၂)၊ မြေကွက်အမှတ်(၃၄၁)၊ မြေဧရိယာ(၀.၀၅၅)ဧကရှိမြေအား ဦးစန်းလွင် မှ အသစ်မြေငှားဂရန် လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ပဲခူးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အသစ်မြေငှားဂရန် လျှောက်ထားခြင်းအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက် များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပဲခူးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ ခေတ္တရာရပ်ကွက်၊ (၃/၁၁)လမ်းနေ ဒေါ်ဟေမာဝင်း (၇/သကန(နိုင်) ၀၉၉၂၇၀)(ဘ) ဦးသောင်းရွှေ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ပြည်မြို့၊ ခေတ္တရာရပ်ကွက်၊ (၃/၁၁)လမ်းရှိ အရှေ့လားသော် ဒေါ်သန်းသန်းအေး၏ နေအိမ်ခြံမြေအစပ်၊ အနောက်လားသော်-လမ်းမြေ၊ တောင်လားသော်- ဦးဝင်းသိန်း၏ နေအိမ်ခြံမြေအစပ်၊ မြောက်လားသော်-ဦးခင်ဇော်၏ နေအိမ်ခြံမြေအစပ် စသည့် နယ်နိမိတ်လေးရပ်အတွင်း တွင်တည်ရှိသော မျက်နှာစာအလျား (၁၅)ပေ၊ အနံ(၄၀)ပေကျယ်ဝန်းသည့် မြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ကျွန်မ၏ မိတ်ဆွေ ဒေါ်ဟေမာဝင်း၏ခင်ပွန်းဖြစ်သူ ဦးမျိုးဝင်းဇော် (၇/သကန(နိုင်) ၁၀၁၄၆၉) မှ မူလပိုင်ရှင် ဦးဝင်းသိန်း (၇/ပမန(နိုင်) ၀၁၀၈၇၄) ထံမှ ကာလတန်ဖိုးငွေ -(၁၁၅၀၀၀၀၀/-)ကျပ်တိတိဖြင့် အိမ်ခြံမြေနှစ်ဦးသဘောတူအရောင်းအဝယ် ကတိစာချုပ်ချုပ်ဆို၍ ဝယ်ယူပိုင်ဆိုင်ကာ လက်ရောက်ရယူ အကျိုးခံစားလျက်ရှိသောမြေကွက်ဖြစ်ပါသည်။ ဒေါ်ဟေမာဝင်း၏ ခင်ပွန်းဖြစ်သူ ဦးမျိုးဝင်းဇော်သည် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်ခဲ့သဖြင့် အဆိုပါအိမ်ခြံမြေအား ဒေါ်ဟေမာဝင်းနှင့် သားဖြစ်သူတို့မှ လက်ရှိထား နေထိုင်အကျိုးခံစားလျက်ရှိပါသည်။ ကျွန်မ၏မိတ်ဆွေ ဒေါ်ဟေမာဝင်းနှင့်ခင်ပွန်းဖြစ်သူတို့သည် အဆိုပါ အိမ်ခြံမြေအား အခြားသူတစ်ဦးတစ်ယောက်ထံ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ အခြားနည်းတစ်စုံတစ်ရာလွှဲပြောင်းထားခြင်းတို့လည်းမရှိပါ။ ယခုအခါ အဆိုပါအိမ်ခြံမြေဝယ်ယူခဲ့သည့် စာချုပ်စာတမ်းမူရင်းသည် ပျောက်ဆုံးသွားပါသဖြင့် မူလပိုင်ဦးဝင်းသိန်းအား အကူအညီတောင်းခံ၍ ရောင်းသူနေရာ၌ ဦးဝင်းသိန်းမှလည်းကောင်း၊ ဝယ်ယူသူနေရာ၌ ကျွန်မ၏မိတ်ဆွေ ဒေါ်ဟေမာဝင်းမှလည်းကောင်း လက်မှတ်ရေးထိုး၍ အရောင်းအဝယ်စာချုပ်မူရင်း ပြန်လည်ပြုလုပ်သွားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်မည့်သူရှိပါက စာရွက်စာတမ်းမူရင်း အထောက်အထားခိုင်လုံစွာဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း ကျွန်မထံသို့လည်းကောင်း၊ ဒေါ်ဟေမာဝင်းထံသို့လည်းကောင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်မူရင်း ပြန်လည်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဟေမာဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဟေမာဝင်း** | **ဒေါ်ချစ်စုလှိုင်(LL.B)** |
| **၇/သကန(နိုင်)၀၉၉၂၇၀** | **တရားလွှတ်တော်ရှေ့နေ** |
| **၃/၁၁ လမ်း၊ ခေတ္တရာရပ်ကွက်၊** | **စဉ်-၁၈၈၆၈ (၂၂-၁၂-၂၀၂၃)** |
| **ပြည်မြို့** | **(၄/၁၁)လမ်း၊ ခေတ္တရာရပ်ကွက်၊ ပြည်မြို့၊** |
| | **Ph-09-263096429** |

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁၄)ရပ်ကွက်၊ ပုဂံလမ်း၊ အမှတ်(၅၆၈)၊ စတုတ္ထထပ်၊ ၅-လွှာ (ခြေရင်းခန်း)တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး၊ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူများ ဖြစ်ကြသော ဒေါ်ကေသီပြုံး(၁၂/မရက(နိုင်)၀၄၂၂၁၉)၊ ဒေါ်ပြုံးပြုံးအေး (၁၂/မရက(နိုင်)၁၈၅၁၂၃)တို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ဆုလဲ့မွန်(၁၂/ဥကမ(နိုင်)၁၇၉၆၇၆)က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး နောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | | |
|---|---|---|
| **ဒေါ်စုစုခိုင်(LL.B)** | **ဒေါ်ခင်စောသိန်း(LL.B)** | **ဒေါ်သိမ့်သဥ္ဇလီ(LL.B, LL.M)** |
| **(စဉ်-၁၁၅၅၃)** | **(စဉ်-၁၃၂၈၆)** | **(စဉ်-၅၆၈၈၇)** |
| **တရားလွှတ်တော်ရှေ့နေများ** | | **အထက်တန်းရှေ့နေ** |

**တိုက်(၁၀/၁၂၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၄၃၀၂၆၁၉၉၊ ၀၉-၇၃၀၂၆၁၉၉**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ အောင်နန်းရိပ်သာရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၂၂၊ အောင်နန်းရိပ်သာမြောက်)၊ ဦးပိုင်အမှတ်(၃၅)၊ မြေဧရိယာ(၀.၁၁၀)ဧကရှိမြေကွက်သည် မူလက ဒေါ်ခင်မြင့် အမည်ဖြင့် (၁၃-၉-၂၀၁၁)ရက်အထိ (၁၅)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင် ဒေါ်ခင်မြင့်နှင့် ခင်ပွန်း ဦးမောင်မောင်(၂)ဦးသည်ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ၎င်း၏သမီး/မြေးများဖြစ်သည့် ဒေါ်စန္ဒာဝင်း၊ ဒေါ်နီလာဝင်း၊ ဒေါ်သီတာဝင်း၊ ဒေါ်မီမီဦး(ခ)စိုးစိုးဝင်း၊ ဦးမင်းမြတ်သူနိုင်၊ ဒေါ်သဇင်လှိုင်(၆)ဦးတို့ကတရားဝင်မှတ်ပုံတင်စာချုပ်ဖြင့် အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီးအမွေဆိုင်(၆)ဦးအနက် (၄)ဦးတို့ က(၂၂-၉-၂၀၂၅)ရက်စွဲပါစာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၃၅၅/၂၀၂၅)အရ ဒေါ်နီလာဝင်း ၁/မကန(နိုင်)၀၃၁၆၆၆၊ ဒေါ်သီ တာဝင်း ၁/မကန(နိုင်)၀၀၇၉၅၂ (၂)ဦးထံသို့ အပြီးအပိုင်စွန့်လွှတ်ပေးခဲ့ပါသည်။ ယခုအခါ အဆိုပါမြေကွက်အား ဒေါ်နီလာဝင်းပါ (၂)ဦးအမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း) လျှောက်ထားမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါကလျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြား ချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ငြင်းချက်ထုတ်ရန် သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅ နည်းဥပဒေ- ၂၀)
### ပဲခူးခရိုင်တရားရုံးတော်
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် -၉၁

၁။ ဒေါ်စန်းမြင့် နှင့် ဒေါ်အေးအေးလွင်
၂။ ဒေါ်ခင်မိုးမိုးကြည်
**တရားလိုများ** **တရားပြိုင်**

ပဲခူးမြို့၊ ဥသျှောမြို့သစ်၊ ရပ်ကွက်ကြီး (၇)၊ ရန်ကုန်-မန္တလေးလမ်း၊ အမှတ်(၁၃၁၀)နေ ဒေါ်အေးအေးလွင် (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုများက အိမ်နှင့်မြေကွက်အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင် ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၄င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက်(၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုများ စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင်၏ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုများက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကြူကြူဝင်း)**
**ခရိုင်တရားသူကြီး**
**ပဲခူးခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ချမ်းမြသာစည်မြို့နယ်တရားရုံး
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၄၉

ဒေါ်ဒင်ဆိုက်မေ **နှင့်** ဦးဟန်ကွန့်
**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကွက်(မမ-၅/၂၀)၊ မြရည်နန္ဒာရပ်ကွက်နေ ဦးဟန်ကွန့်(ဘ)ဦးဆောင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်ဒင်ဆိုက်မေက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (၉၈-၁၄)၊ ဦးပိုင်အမှတ်(၁၄)၊ ဧရိယာ(၀.၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း (၂၀x၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၇ ရက်၊ (၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၈ ရက်) မွန်းမတည့်မီ (၁၀:၀၀) နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၆)ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(လှမျိုးလွင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် W/54426, Honda C90, Dynamic ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန္ဒာဝင်း ၉/မရတ(နိုင်)၁၁၅၅၀၃ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 60W/53610, ADIXIN 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စိုးစန္ဒာဝင်း ၉/ပသက(နိုင်)၁၇၉၂၀၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 75W/15772, Honda Wave 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်လင်းအောင် ၁၄/ကကန (နိုင်)၁၁၀၃၅၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/80579, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအေးကျော် ၁၄/ဝခမ (နိုင်) ၁၀၆၈၀၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅ ကံဘဲ့)၊ မြေကွက်အမှတ်(၈၇/ဏ)၊ မြေဧရိယာ(၀.၂၂၉) ဧကအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ်(BDS)နှင့် ကပ်လျက်ရှိသော (၅၀ပေ x ၁၀၀ပေ) ခန့် အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်နုနုဆွေ(ဘ)ဦးအောင်ခင်(၁၀/မလမ(နိုင်)၀၂၆၁၅၀)က သားဖြစ်သူ ဦးအာကာမျိုး (ဘ) ဦးဖေတင် (၁၂/စခန(နိုင်)၀၅၈၀၈၅)အား "မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်ဖြင့် အပိုင်ပေးအပ်ခြင်းအပေါ် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက "မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်" ကို ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL)** | **ဒေါ်ခင်မြတ်သူ (H.G.P, LL.B, D.M.L)** |
| **တရားလွှတ်တော်ရှေ့နေ၊ စဉ်/၁၆၁၉၆** | **တရားလွှတ်တော်ရှေ့နေ၊ စဉ်/၇၅၁၅** |
| **ဖုန်း ၀၉-၅၁၇၁၄၃၃** | **ဖုန်း ၀၉-၂၅၄၄၈၈၃၃၀** |
| | **အမှတ် (၁၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊** |
| | **အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။** |

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃၂)၊ ဗိုလ်အောင်ကျော် (၂)လမ်း၊ မြေကွက်အမှတ် ၈၃၄၊ မြေအကျယ်အဝန်း(၄၀x၆၀) ပေရှိ ဦးဘိုးမှဲ့ (KWA-၀၀၄၇၅၀) အမည်ပေါက်မြေချပါမစ်မူရင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောင်(၅)ခန်း၊ အဆောက်အအုံအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်များအား ဒေါ်ဥမ္မာသန်း(၁၂/ဥကမ(နိုင်)၁၈၁၉၈၂)ထံမှ ဦးဘိုးမှဲ့(KWA-၀၀၄၇၅၀) အမည်ပေါက်မြေချပါမစ်မူရင်း နှစ်ဦးသဘောတူအဆက်ဆက်စာချုပ်စာတမ်းမူရင်းများနှင့်တကွယင်းအိမ်ခြံမြေကွက်နှင့်သက်ဆိုင်သော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်စန်းစန်းအေး (၁၂/ခရန(နိုင်)၀၄၄၆၁၀)သည် (၅-၁၁-၂၀၂၅)ရက်တွင် အပြီးအပိုင်ဝယ်ယူပြီး ဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါမြေကွက်နှင့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်များအား ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းစန်းအေးမှသာလျှင် လွှဲပြောင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း အစရှိသည့် စီမံပိုင်ခွင့်အပြည့်အဝရှိသူဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူဒေါ်စန်းစန်းအေး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဒေဝီ LL.B အထက်တန်းရှေ့နေ (စဉ် - ၅၃၄၃၁/၂၀၂၀)**
**အမှတ်(၉၀၃)၊ ရေသန့်လမ်း (၁၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဖုန်း-၀၉-၇၇၇၂၉၇၇၆၀**

## အများသိစေရန်နှင့်ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရှမ်းစုတောင်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(၂၉၊ ရှမ်းစုတောင်ရပ်)၊ ဦးပိုင်အမှတ်(၃၆/ခ)၊ မြေဧရိယာ(၀.၀၄၁)ဧကရှိမြေကွက်သည် မူလက ဦးယာကုတ် အမည်ဖြင့် (၂၀-၁-၂၀၃၅)ရက်အထိ (၁၀)နှစ်မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်ရှင် ဦးယာကုတ်က (၁၉-၉-၂၀၂၅)ရက်စွဲပါစာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၃၅၃/ ၂၀၂၅)အရ ဒေါ်ဇီဇဝါဝင်း၊ ၁/မကန(နိုင်)၀၈၄၃၇၂ ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ယခုအခါ အဆိုပါမြေကွက်အား ဒေါ်ဇီဇဝါဝင်း အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လီတွော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### အမရပူရခရိုင်တရားရုံးတော်၌
### ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၅

၁။ ဦးမောင်မောင် နှင့် ဦးခင်မောင်ဝင်း
၂။ဒေါ်ဇင်မာဦး
(၎င်းတို့၏ အခွင့်ရကိုယ်စားလှယ် ဦးစိုးသူ
**တရားလိုများ** **တရားပြိုင်**

မန္တလေးမြို့ ၊ အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်နေ ဦးခင်မောင်ဝင်း(ဘ) ဦးသန်းမောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလိုများ ၁။ဦးမောင်မောင် ၂။ဒေါ်ဇင်မာဦးတို့က "မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ်(၆၀၃)၊ ဦးပိုင်အမှတ်(၃၃၂/၅၁၈)၊ ဧရိယာ(၀.၂၁)ဧကေ အကျယ်အဝန်းရှိ ဦးခင်မောင်ဝင်း အမည်ပေါက် ဂရန်မြေကွက်နှင့်ပတ်သက်၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု" လျှောက်ထား စွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၁ရက်(၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၂ရက်)မွန်းမတည့်မီ (၁၀)နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့လာရောက်ရမည်၊ ၎င်းအပြင် သင်သိစေသည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ(၈) ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(နန်းယုလွင်)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**အမရပူရခရိုင်တရားရုံး**

## ဖခင်အမည်မှန်

စစ်ကိုင်းမြို့၊ လေ့ကျင့်ရေး၊ အထက(ရွှေမင်းဝံ)၊ Grade-12(A)တွင် ပညာသင်ကြားနေသော မောင်စိုးသီဟကျော် Grade-10(C) တွင် ပညာသင်ကြားနေသော မောင်ပြည့်ဖြိုးကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးစိုး ၅/စကန(နိုင်)၂၉၉၅၀၇ဖြစ်ပါကြောင်း။

**ဦးစိုး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9W/76413 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မိမိငယ်ထွေး ၇/ပခန(နိုင်)၁၉၅၂၄၉ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မြစ်ကြီးနားခရိုင်၊ ဝိုင်းမော်မြို့၊ အမှတ်(၃)ရပ်ကွက်၊ ကွင်းအမှတ်/အမည်(၁၃/ရုံးတန်း)၊ ဦးပိုင်အမှတ်(၁၀/၆က)၊ မြေဧရိယာ(၀.၁၁၀)ဧကရှိ မြေကွက်အား ဒေါ်ဖြူဖြူဝင်းအမည်ဖြင့် မြို့မြေခွန်ပြေစာ အမည်ပေါက် မြေကွက်အား ဒေါ်ဖြူဖြူဝင်းပါ(၂)ဦးအမည်ဖြင့် မြေငှားဂရန်(အသစ်) ခွင့်ပြုနိုင်ရေး လျှောက်ထားရာတွင် ခင်ပွန်းဖြစ်သူ ဦးမျိုးမင်းထွန်း၊ ၉/မထလ(နိုင်)၁၈၆၈၄၃ အမည်အား ထည့်သွင်းလျှောက်ထားမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုကြေညာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ဝိုင်းမော်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3N/6757 ယာဉ်လက်ဝယ်ရှိသူ ဦးသီဟကျော်လင်း ၇/သနပ(နိုင်) ၁၀၉၅၁၈ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး(ပဲခူး)**

## ပုသိမ်ခရိုင်၊သစ်တောဦးစီးဌာန၊ ငပုတော / သာပေါင်းမြို့နယ်မှ ပုံစံ(၈)ဝင် အခြားသစ်များအား ဈေးပြိုင်စနစ်ဖြင့် ရောင်းချရန်လေလံကြော်ငြာခြင်း

### လေလံအမှတ်စဉ်( ၄/ ၂၀၂၅)

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပုသိမ်ခရိုင်၊ သစ်တောဦးစီးဌာနအတွင်းရှိ သာပေါင်းမြို့နယ်နှင့် ငပုတောမြို့နယ်မှ အောက်ဖော်ပြပါ ပုံစံ(၈)ဝင် အခြားသစ်များအား (၁၉-၁၁-၂၀၂၅)(ဗုဒ္ဓဟူးနေ့)၊နံနက်(၁၀:၀၀) နာရီအချိန်တွင် ဧရာဝတီတိုင်းဒေသကြီး သစ်တော ဦးစီးဌာနညှော့ရိပ်သာ၌ လက်ရှိမျက်မြင်အခြေအနေအတိုင်း ဈေးပြိုင်စနစ်ဖြင့် လေလံတင် ရောင်းချမည် ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါသည်-

| စဉ် | မြို့နယ် | အမျိုးအမည်/ အရေအတွက် | တန်ပမာဏ | မှတ်ချက် |
|---|---|---|---|---|
| ၁ | သာပေါင်း | သစ်လုံး(၂၆၅)လုံး | ၅၂.၃၇၁၂တန် | လပ်ပုံ(၂၃)ပုံ |
| | | ခွဲသား(၄၆၂၉)ချောင်း | ၂၃၅.၁၁၄၂တန် | |
| | | ၃ပေအောက်သစ်လုံး(၂၉၇)လုံး | ၃၄.၈၆၆၆တန် | |
| | | ပျဉ်ချပ်(၈၇)ချပ် | ၀.၆၅၄၈တန် | |
| | | ရောင်ခြမ်း(၁)ခြမ်း | ၀.၀၃၁တန် | |
| | | မျော(၁၉)လုံး | - | |
| ၂ | ငပုတော | သစ်လုံး(၂၇၄)လုံး | ၄၅.၃၂၄၇တန် | လပ်ပုံ(၄၃)ပုံ |
| | | ခွဲသား(၁၄၀၆၁)ချောင်း | ၁၇၄.၄၄၈၈တန် | |
| | | ၃ပေအောက်သစ်လုံး(၄၆၄)လုံး | ၅၄.၁၄၈၄တန် | |
| | | ပျဉ်ချပ်(၆၂၀)ချပ် | ၅.၁၃၇၇တန် | |
| | | ဒေါက်တို(၂၀၂)လုံး | ၀.၈၅၂၂တန် | |
| | | မျော(၈၄)လုံး | - | |

၂။ လေလံလျှောက်လွှာများကို ပုသိမ်ခရိုင် သစ်တောဦးစီးဌာနမှူးရုံးတွင် တစ်စောင်လျှင် (၅၀၀၀ိ/-)နှုန်းဖြင့်(၁၀-၁၁-၂၀၂၅) ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဆက်သွယ်ဝယ်ယူနိုင်ပါသည်။

၃။ လေလံဆွဲဝယ်ယူခွင့်လျှောက်လွှာများအား PO Cheque မူရင်းများနှင့်အတူ ပုသိမ်ခရိုင်သစ်တောဦးစီးဌာနမှူးရုံးသို့ (၁၇-၁၁ -၂၀၂၅)ရက်(၁၆:၃၀)နာရီ နောက်ဆုံးထားပေးပို့ တင်ပြရမည်ဖြစ်ပါသည်။

၄။ သတ်မှတ်ရက်အမီ ပေးပို့တင်ပြခြင်းမရှိသော လေလံဆွဲဝယ်ယူခွင့်လျှောက်လွှာများအား လက်ခံဆောင်ရွက်ပေးမည်မဟုတ်ပါ။

၅။ သိရှိလိုသည့်အသေးစိတ်အချက်အလက်များအား အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

- ပုသိမ်ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး (၀၉-၄၄၀၂၂၇၃၄၈)
- သာပေါင်းမြို့နယ်ဦးစီးအရာရှိ (၀၉-၄၀၂၇၅၅၇၀၅)
